ကန့်သတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ

International IDEA မှထုတ်ဝေသော ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း စာတမ်းအမှတ် (၁၁)

ကန့်သတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ

International IDEA မှထုတ်ဝေသော ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း စာတမ်းအမှတ် (၁၁)

စာတမ်းပြုစုသူ

Dawood Ahmed နှင့် Elliot Bulmer

© ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့ (International IDEA) ၂၀၂၀ ခုနှစ် မူပိုင်ဖြစ်သည်။ ပထမအကြိမ်ထုတ်ဝေမှုကို International IDEA မှ ၂၀၁၄ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။

International IDEA အဖွဲ့မှ ထုတ်ဝေသော စာအုပ်စာတမ်းများသည် နိုင်ငံများ၏ အကျိုးစီးပွား သို့မဟုတ် နိုင်ငံရေးအကျိုးစီးပွားတို့မှ သီးခြားလွတ်လပ်မှု ရှိပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော ရှုမြင်ပုံများမှာ International IDEA အဖွဲ့၊ ယင်းအဖွဲ့၏ ဘုတ်အဖွဲ့ သို့မဟုတ် ကောင်စီဝင်များ၏ ရှုမြင်ပုံများကို ကိုယ်စားပြုသည်ဟု ယတိပြတ်မဆိုနိုင်ပါ။

ဤစာအုပ်ကို Creative Commons Attribution-NonCommercialShareAlike ၃.၀ (CC BY-NC-SA 3.0) လိုင်စင်ခွင့်ပြုချက်အရ အီလက်ထရောနစ်ဖိုင်အနေဖြင့် ရယူနိုင်ပါသည်။ စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ပါက လွတ်လပ်စွာကူးယူခြင်း၊ ဖြန့်ဝေခြင်း၊ ပို့လွှတ်ခြင်း၊ ရောနှောသုံးစွဲခြင်း သို့မဟုတ် လိုက်လျောညီထွေ ဖြစ်စေရန် ပြန်လည်စီစဉ်ပြုစုခြင်းများ လုပ်ဆောင်နိုင်ပါသည်။ မူရင်းရေးသားပြုစုသူအား လျော်ကန်စွာအသိအမှတ်ပြုရည်ညွှန်းချက်ဖော်ပြပေးပြီး အလားတူတရားဝင်လိုင်စင် ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည် ဖြစ်သည်။

ဤလိုင်စင်နှင့် စပ်လျဉ်း၍ ဆက်လက်သိရှိလိုပါက Creative Commons ဝဘ်ဆိုဒ်တွင် အင်တာနက်လိပ်စာ http://creativecommons.org/licenses/by-nc-sa/3.0/ တွင် သွားရောက်ကြည့်ရှုနိုင်သည်။

International IDEA
စတွန်းစ်ဘောဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် - +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - www.idea.int

Cover design: International IDEA
မြန်မာဒီဇိုင်း - မြင့်စိုးဦး

ISBN : 978-91-7671-331-0 (Print)
ISBN : 978-91-7671-332-7 (PDF)

မာတိကာ

၁။ **နိဒါန်း** ၅
အားသာချက်များနှင့်အန္တရာယ်များ ၅

၂။ **အဓိကအကြောင်းအရာကဘာလဲ။** ၆

၃။ **အခွင့်အရေးများနှင့်ငင်းတို့၏ကန့်သတ်ချက်များ** ၉
လူ့အခွင့်အရေးစံနှုန်းများ ၉
အကြွင်းမဲ့အခွင့်အရေးများ၊ ကန့်သတ်ချက်ရှိသော အခွင့်အရေးများ၊
ခြွင်းချက်ရှိသောအခွင့်အရေးများ ၉
အခွင့်အရေးများကို ကန့်သတ်ရန်အတွက် တရားနည်းလမ်းကျသည့်
ရည်ရွယ်ချက်များ ၁၃

၄။ **ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်များကို ဒီဇိုင်းရေးဆွဲခြင်း** ၁၇
ယေဘုယျနည်းလမ်းများ ၁၇
ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်များကိုမူကြမ်းရေးဆွဲခြင်း – အလွဲသုံးစား
လုပ်မှုများကိုတားဆီးခြင်းနည်းလမ်းများ ၂၀

၅။ **ရေခံမြေခံအခြေအနေများကို ထည့်သွင်းစဉ်းစားခြင်း** ၂၅
ဒီမိုကရေစီတန်ဖိုးများနှင့် လူမှုအဖွဲ့အစည်း ၂၅
လူနည်းစုများနှင့် ဖယ်ကြဉ်ခံရသောအုပ်စုများ ၂၅
ဥပဒေပြုအဖွဲ့အစည်းများ၏ထိရောက်မှု ၂၆
တရားစီရင်ရေးအဖွဲ့အစည်းများ၏ထိရောက်မှု ၂၆
တရားနည်းလမ်းကျမှုနှင့် အများပြည်သူ၏အမြင် ၂၇
အခွင့်အရေးအပေါ် ကန့်သတ်ချက်များကိုမည်သူအဆိုပြုသနည်း။
အဘယ်ကြောင့်နည်း။ ၂၇
ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများ ၂၈
အနာဂတ်ပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့် အခက်အခဲ ၂၉

၆။ **နှိုင်းယှဉ်လေ့လာဥပဒေသီပွဲပညာ** ၃၁
ကနေဒါ ၃၂
တောင်အာဖရိက ၃၃
ဂျာမနီ ၃၃

၇။ **ဆုံးဖြတ်ချက်ချမှတ်ခြင်းအတွက်မေးခွန်းများ** ၃၅

၈။ **သာဓကများ** ၃၆

ကိုးကားချက်များ ၃၉
ဖြစ်ရပ်များ ၄၀

နောက်ဆက်တွဲ ၄၁
စာရေးသူများအကြောင်း ၄၁
International IDEA အကြောင်း ၄၁
MyConstitution အကြောင်း ၄၂
ဤစာစဉ်နှင့်စပ်လျဉ်း၍ ၄၂

၁။ နိဒါန်း

ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်တစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဋ္ဌာန်းချက်တစ်ရပ်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ်ပေးထားသောအခွင့်အရေးများကို ဒီမိုကရေစီနည်းကျ လျော်ကန်သောရည်ရွယ်ချက်များအတွက် အတိုင်းအတာတစ်ခုအထိ တစ်စိတ်တစ်ပိုင်း ကန့်သတ်ခြင်းဖြစ်သည်။ ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်သည် ရည်ရွယ်ချက်ကြောင့်ဖြစ်စေ၊ သဘောသဘာဝကြောင့်ဖြစ်စေ၊ အတိုင်းအတာကြောင့်ဖြစ်စေ ဒီမိုကရေစီကို အန္တရာယ်ဖြစ်စေနိုင်သော အခွင့်အရေးများအပေါ် အလွန်အကျွံကန့်သတ်ချက်များ အား တားမြစ်ရန်လည်းကြိုးပမ်းသည်။

ဥရောပလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(ECHR)၊ ကနေဒါလူ့အခွင့်အရေးနှင့် လွတ်လပ်မှုပဋ္ဌိညာဉ်စာတမ်း၊ တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေတို့မှာ ၄င်းတို့၏ ကိုယ်ပိုင်ကန့်သတ်ချက်ကို ရှင်းလင်းစွာပြဋ္ဌာန်းထားသည့် သြဇာလွှမ်းမိုးမှုအရှိဆုံး အခွင့်အရေး စာရွက်စာတမ်းသာဓကများမှ တစ်ချို့ဖြစ်သည်။

အားသာချက်များနှင့် အန္တရာယ်များ

ဒီမိုကရေစီနိုင်ငံများရှိ နိုင်ငံသားများအတွက် အာမခံထားသောအခွင့်အရေး အများအပြားကို အခြားအခွင့်အရေးများ သို့မဟုတ် အထွေထွေအကျိုးစီးပွားများနှင့် ပဋိပက္ခဖြစ်ခြင်းမှကာကွယ်ရန်အတွက် ကန့်သတ်ခြင်းသို့မဟုတ် အရည်အသွေးသတ်မှတ်ခြင်း သို့မဟုတ် အခွင့်အရေး အတိုင်းအတာကိုချို့ခြင်းတို့ ပြုလုပ်ရသည်။ ကောင်းမွန်စွာရေးဆွဲထားသော ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်သည် ဤအကန့်အသတ်များ၊ အရည်အသွေးများ သို့မဟုတ် ကန့်သတ်ချက်များကို အလွန်အကျွံအသုံးပြုခြင်း သို့မဟုတ် လွဲမှားစွာအသုံးပြုခြင်းမှ ကာကွယ်ပေးသည်။

သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများသည် အချို့အခွင့်အရေးများကိုအပြည့်အဝအဖြစ် ကျင့်သုံးနိုင်ရန် ဆုံးဖြတ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် မည်သည့်အခြေအနေတွင်မဆို ၄င်းအခွင့်အရေးများကို မည်သည့်အတိုင်းအတာ တစ်ခုအထိ ချိုးဖောက်သည်ဖြစ်စေ လူမဆန်မှုသာဖြစ်ပြီး ပိုမိုကျယ်ပြန့်သောချိုးဖောက်မှုများ ဖြစ်လာစေနိုင်သောကြောင့် ဖြစ်သည်။

၂။ အဓိကအကြောင်းအရာကဘာလဲ။

(မျှတသောတရားစီရင်မှုခံစားပိုင်ခွင့်၊ မတရားထောင်ချခံရခြင်းမှ ကင်းလွတ်ခွင့်၊ လွတ်လပ်စွာသွားလာခွင့်၊ လွတ်လပ်စွာထုတ်ဖော်ခွင့်၊ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့် သို့မဟုတ် အများနှင့်ဆိုင်သော ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် ပါဝင်ခွင့်ကဲ့သို့သော) အချို့သောအခွင့်အရေးများကို ကျင့်သုံးခြင်းသည် ဒီမိုကရေစီလူ့အဖွဲ့အစည်းရှိ နိုင်ငံသားဖြစ်မှုမှ သီးခြားခွဲထုတ်၍မရသောအရာဖြစ်သည်။ အခြေခံလူ့အခွင့်အရေးများကိုမတရား သို့မဟုတ်အလွန်အကျွံချိုးဖောက်မှုများမှ အကာအကွယ်ပေးခြင်းသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေများစွာတွင် အသိအမှတ်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီသောအစိုးရတစ်ရပ်၏ မရှိမဖြစ်လိုအပ်သော အင်္ဂါရပ်တစ်ရပ်ဖြစ်သည်။

သို့သော်လည်း အခွင့်အရေးအတော်အတန်အနည်းငယ်သာ အကြွင်းမဲ့ပြဋ္ဌာန်းချက်အဖြစ် အပြည့်အဝခံစားနိုင်သည်။ လူမှုတရားမျှတရေး၊ အများပြည်သူအေးချမ်းသာယာရေးနှင့် ထိရောက်သောအစိုးရ၊ သို့မဟုတ် အခြားသူများ၏အခွင့်အရေးများကိုကာကွယ်ရန်ကဲ့သို့သော ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ်ရှိ ဘုံအကျိုးစီးပွားအချို့ ပြည့်မြောက်ရန်အတွက် အခွင့်အရေးအများစုကို မရှိမဖြစ်လိုအပ်ပြီး ကျိုးကြောင်းဆီလျော်သောအကန့်အသတ်များထားရှိနိုင်သည်။ ဥပမာအားဖြင့် လူစည်ကားသည့် အများပြည်သူနှင့်ဆိုင်သော နေရာများတွင် 'ပစ်' ဟုအော်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်အပေါ်ဖြစ်စေအဖွဲ့တစ်ဖွဲ့အပေါ်ဖြစ်စေအကြမ်းဖက်ရန် လှုံ့ဆော်မှုကိုတားမြစ်ခြင်းဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်ကို ကန့်သတ်ထားနိုင်သည်။ ထိုနည်းတူစွာ လွတ်လပ်စွာသွားလာခွင့်ကို ယာဉ်စည်းကမ်းလမ်းစည်းကမ်းများ၊ ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ထောင်ချခြင်းဆိုင်ရာစည်းမျဉ်းများ၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာစည်းမျဉ်းများဖြင့် သင့်လျော်သလိုကန့်သတ်ထားသည်။ ဤစည်းမျဉ်းစည်းကမ်းများသည် နိုင်ငံတော်အား ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏လွတ်လပ်မှုကို ချိုးဖောက်ခွင့်ပြုထားသော်လည်း သင့်တင့်လျောက်ပတ်သောရည်ရွယ်ချက်များနှင့် လက်ခံနိုင်လောက်သော အတိုင်းအတာတစ်ခု (ဆိုလိုသည်မှာ မရှိမဖြစ်လိုအပ်မှု၊ ကျိုးကြောင်းဆီလျော်မှု၊ အချိုးကျမှု) ဖြင့်သာလျှင် ၄င်းစည်းမျဉ်းစည်းကမ်းများ တရားဝင်မည် ဖြစ်သည်။

ဤသို့လျှင် စိန်ခေါ်မှုမှာ လွတ်လပ်သောလူမှုအဖွဲ့အစည်းတစ်ခုအတွက် အုတ်မြစ်ဖြစ်သော အခြေခံလူ့အခွင့်အရေး သို့မဟုတ် နိုင်ငံသားလွတ်လပ်မှုများကိုမထိခိုက်စေဘဲ အများပြည်သူ၏အကျိုးစီးပွားနှင့် အခြားသူများ၏ အခွင့်အရေးများကိုကာကွယ်ရန် လိုအပ်သော အတိုင်းအတာအထိ ပညာသတိရှိစွာ အခွင့်အရေးများအားကန့်သတ်ထားနိုင်သော ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်ကိုရေးဆွဲရန်ပင်ဖြစ်သည်။ ၄င်းစိန်ခေါ်မှုကို ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်ဟုခေါ်သည့် လွတ်တော်နှင့်တရားရုံးများကို ကန့်သတ်ချက်နှင့်လုပ်ပိုင်ခွင့်ပေးသည့် ပြဋ္ဌာန်းချက်ဖြင့် ဖြေရှင်းနိုင်သည်။ ၄င်းပြဋ္ဌာန်းချက်များမှာ (က) အခွင့်အရေးများအပေါ် ကန့်သတ်ချက် များခွင့်ပြုခြင်းနှင့် (ခ) အခွင့်အရေးများကို လွန်ကဲသောအကန့်အသတ်များမှကာကွယ်ရန် ခွင့်ပြုထားသောကန့်သတ်ချက်များအပေါ် တဖန်ပြန်လည်၍ ကန့်သတ်ခြင်းတို့ပင်ဖြစ်သည်။

အကယ်၍ ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်မရှိလျှင် သို့မဟုတ် ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်မှာ ဝေဝါးနေလျှင်ပင် တရားရုံးများသည် တစ်ဖက်တွင်အခွင့်အရေးများကိုကာကွယ်ရင်းပြည်သူလူထု နှင့်ပုဂ္ဂလိက၏အခွင့်အရေးများနှင့် အကျိုးစီးပွားများကိုလည်း ဟန်ချက်ညီညီကိုင်တွယ်ရန်လိုအပ်ကြောင်းကို အသိအမှတ်ပြုသည့်နည်းလမ်းများဖြင့် အခွင့်အရေးများကို သတ်မှတ်ရန်ကြိုးပမ်းလေ့ရှိသည်။ သဘောတရားအားဖြင့် ဤချဉ်းကပ်မှုသည် အခွင့်အရေးများအပေါ် 'ကန့်သတ်ခြင်း' နှင့်ကွဲပြားသည်။ လက်ခံနိုင်သည့် အခွင့်အရေးကန့်သတ်ချက်များကို သတ်မှတ်မည့်အစား တရားရုံးသည် မူအရကန့်သတ်ရန်မဖြစ်နိုင်သည့်အခွင့်အရေး၏ဘောင် သို့မဟုတ် နယ်ပယ်ကို သတ်မှတ်ကြခြင်းဖြစ်သည်။ ကန့်သတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်သည် အခွင့်အရေးတစ်ရပ်ရပ်ကိုချိုးဖောက်ခံရမှု ရှိ မရှိကိုသာမက ယင်းချိုးဖောက်ခံရမှုသည်ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်တွင် ခွင့်ပြုထားသည့်အကြောင်းပြချက်များနှင့် လျော်ကန်မှုရှိမရှိကိုလည်း တရားရုံးများကိုထည့်သွင်းစဉ်းစားစေသည်။ အခွင့်အရေး၏ နယ်ပယ်သတ်မှတ်ချက်ကို အခြေခံသောချဉ်းကပ်မှုသည် အခွင့်အရေးချိုးဖောက်ခံရမှု ရှိမရှိကိုသာကြည့်ပြီး ချိုးဖောက်မှုသည်လျော်ကန်မှု ရှိမရှိဂရုမပြုပေ။ လက်တွေ့တွင် ကန့်သတ်ချက်များကို အခြေပြုချဉ်းကပ်မှုသည် တရားရုံးများကို ၄င်းတို့၏ဆုံးဖြတ်ချက်များ၏ ပြည်သူ့ရေးရာမူဝါဒသက်ရောက်မှုများကို ပိုမိုချင့်ချိန်တုံ့ပြန်မှုဖြစ်စေနိုင်ပြီး အခွင့်အရေးနယ်ပယ်သတ်မှတ်ချက်ကို အခြေခံသောချဉ်းကပ်မှုသည် ပြည်သူ့ရေးရာမူဝါဒသက်ရောက်မှုကို ဂရုမပြုကြတတ်ပေ။

အခွင့်အရေးကန့်သတ်ချက်များသည် အခွင့်အရေးရုပ်သိမ်းခြင်းများနှင့် မတူကြောင်းမှတ်သားရန် အရေးကြီးသည်။ အခွင့်အရေးကန့်သတ်ချက်များသည် လွန်ဆွဲနေသော သို့မဟုတ် ပဋ္ဌိပက္ခဖြစ်နေသော အခွင့်အရေးများကိုဟန်ချက်ညီစေရန်၊ သို့မဟုတ် အခြားအများပြည်

သူနှင့်ဆိုင်သော ရည်ရွယ်ချက်များနှင့်ကိုက်ညီစေရန် လိုအပ်သောအကန့်အသတ်များဖြစ်သည်။ ၄င်းတို့သည် အရေးပေါ်အခြေအနေများကို တုံ့ပြန်သည့်အရာများမဟုတ်ပေ။ အခွင့်အရေးများရုပ်သိမ်းခြင်းသည် အရေးပေါ်ကာလအတွင်းချမှတ်ထားသောယာယီထပ်ဆောင်းကန့်သတ်ချက်များ၊ သို့မဟုတ် အခွင့်အရေးများ ဆိုင်းငံ့ထားခြင်းဖြစ်သည်။ ၄င်းတို့ကို International IDEA မှထုတ်ဝေသော ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း စာတမ်းအမှတ် (၁၈) – *အရေးပေါ်အခြေအနေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ*တွင် ဆွေးနွေးထားသည်။

၃။ အခွင့်အရေးများနှင့် ၎င်းတို့၏ကန့်သတ်ချက်များ

လူ့အခွင့်အရေးစံနှုန်းများ

နိုင်ငံတကာအသိုင်းအဝိုင်းတွင် တရားဝင်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် မိမိတို့ကိုမြင်စေလိုသောနိုင်ငံများသည် မိမိ၏နိုင်ငံသားများကို လက်လွတ်စပယ် ကိုင်တွယ်ဆက်ဆံ၍မရတော့ပေ။ နိုင်ငံများ (အထူးသဖြင့် ဒီမိုကရေစီနိုင်ငံအဖြစ်အသိအမှတ်ပြုခံလိုသည့်နိုင်ငံများ) ကို ၎င်းတို့၏ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများသည် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်း (UDHR)၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (ICCPR – ဇယား ၃.၁ တွင်ကြည့်)၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (ICESCR)၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ် (CEDAW) ကဲ့သို့သောနိုင်ငံတကာလူ့အခွင့်အရေး စာရွက်စာတမ်းအမျိုးမျိုးနှင့် ဓနသဟာယနိုင်ငံများပဋ္ဌာန်းစာချုပ်၊ ဥရောပလူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (ECHR၊ ဇယား ၃.၂ တွင်ကြည့်) နှင့် လူသားနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိကပဋ္ဌာန်းစာချုပ် (Banjul Charter) ကဲ့သို့သော ဒေသဆိုင်ရာတရားဝင်စာရွက်စာတမ်းများနှင့် ကိုက်ညီလိုက်နာမှုရှိစေရန် ပို၍မျှော်လင့်လာကြသည်။

ယင်းတရားဝင်စာရွက်စာတမ်းများသည် (ကျွန်ပြုခံရခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်းမှ ကင်းဝေးခြင်းကဲ့သို့သော) လူ့ဂုဏ်သိက္ခာကိုထိန်းသိမ်းရန်လိုအပ်သော အခွင့်အရေးများနှင့် (လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်ကဲ့သို့သော) ပွင့်လင်းသောဒီမိုကရေစီလူ့အဖွဲ့အစည်းကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သောအခွင့်အရေးများဖြစ်သည့် အခြေခံအခွင့်အရေးအချို့ကို အာမခံချက်ပေးသည်။

အကြွင်းမဲ့အခွင့်အရေးများ၊ ကန့်သတ်ချက်ရှိသောအခွင့်အရေးများ၊ ခြွင်းချက်ရှိသောအခွင့်အရေးများ ခြွင်းချက်ရှိသောအခွင့်အရေးများ

နိုင်ငံတကာသဘောတူစာချုပ်များ၊ ပဋ္ဌိညာဉ်စာချုပ်များ၊ သဘောတူညီချက်များနှင့် နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများစွာတွင်ပါဝင်သောအခွင့်အရေးများသည် ဒီမိုကရေစီ အတွက် မရှိမဖြစ်လိုအပ်ချက်များဖြစ်သော်လည်း အခွင့်အရေးအားလုံးကို အကြွင်းမဲ့သတ် မှတ်၍ အကာအကွယ်ပေးရန်မဖြစ်နိုင်ပေ။ ဥပမာအနေဖြင့် လွတ်လပ်စွာသွားလာခွင့်သည် အခြားသူတစ်ဦး၏အိမ်သို့ ဝင်ရောက်နိုင်ခွင့်ကို မပေးထားချေ။

ဇယား ၃.၁ - နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (ICCPR) ရှိ ကန့်သတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်

အပိုဒ် ၁၉ (၃)

'လွတ်လပ်စွာယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာရေးသားဖော်ပြနိုင်ခွင့်ကို ကျင့်သုံးရန် အတွက် အထူးတာဝန်နှင့် လုပ်ပိုင်ခွင့်များပါဝင်သည်။ ထို့ကြောင့် တစ်စုံတရာသော ကန့်သတ်ချက်များရှိသည်။ သို့ရာတွင် ထိုသို့ကန့်သတ်ချက်များ လုပ်ဆောင်မှုသည် (က) အခြားသူတို့၏ အခွင့်အရေးများ သို့မဟုတ် ဂုဏ်သိက္ခာများကို လေးစားသော အားဖြင့်လည်းကောင်း၊ (ခ) ပြည်သူ့လုံခြုံရေး၊ ပြည်သူ့ကျန်းမာရေး၊ ကျင့်ဝတ်တရား ဆိုင်ရာတို့ကို ကာကွယ်ရန်အတွက်လည်းကောင်းစသည်တို့အတွက် ဥပဒေအရလိုအပ် မှသာ လုပ်ဆောင်ရမည်။'

အပိုဒ် ၂၀

'(၁) စစ်မက်ဆိုင်ရာ ဝါဒဖြန့်ချိရေးများကို ဥပဒေကတားမြစ်သည်။ (၂) ကွဲပြား ခြားနားခြင်း၊ ရန်ငြိုးထားမှု၊ သို့တည်းမဟုတ် အကြမ်းဖက်မှုတို့ကို လှုံ့ဆော်စေသည့် အမျိုးသားရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ မုန်းတီးမှုများအား ဟောပြောထောက်ခံ သည့် မည်သည့်လုပ်ဆောင်ချက်ကိုမဆို ဥပဒေကတားမြစ်သည်။'

အချို့သောအခွင့်အရေးများသည် တလွဲအသုံးချမိလျှင် ပိုမိုကျယ်ပြန့်သောလူ့အဖွဲ့ အစည်း သို့မဟုတ် အခြားသူများ၏အခွင့်အရေးများအပေါ် ဆိုးရွားသောအကျိုးသက်ရောက် မှုဖြစ်စေသည့် အလားအလာရှိသောကြောင့် အချို့သော အခွင့်အရေးများကို ကန့်သတ်ထား ရပေသည်။ ဥပမာအားဖြင့် – လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်ကို အခြေအနေများစွာ တွင် အခြားသူများအားနှောင့်ယှက်မှုမှကာကွယ်ရန် တရားဝင်ကန့်သတ်ထားနိုင်သည်။ သို့

ဖြင့်၍ နိုင်ငံတကာစာချုပ်များနှင့် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာရွက်စာတမ်းအား လုံးနီးပါးတွင် အနည်းဆုံးမည်သည့်အချိန်တွင် အခွင့်အရေးများကိုကန့်သတ်နိုင်ကြောင်း လမ်းညွှန်ချက်အချို့ ဖော်ပြသော ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်များ ပါဝင်သည်။ ဥပမာ အနေဖြင့် – UDHR ၏ အပိုဒ် ၂၉ (၂) တွင် အောက်ပါအတိုင်းဖော်ပြထားသည်။

> မိမိ၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကိုသုံးစွဲရာတွင် လူတိုင်းသည်၊ အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ ရိုသေလေးစားစေရန်အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီကျင့်သုံးသော လူ့အဖွဲ့အစည်းတွင် ကိုယ်ကျင့်တရားအပြင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းရေးတို့အတွက် တရားမျှတစွာကျင့်ဆောင်ရန်အလို့ငှာလည်းကောင်း၊ ဥပဒေကပြဋ္ဌာန်းထားသည့် ချုပ်ချယ်မှုများဖြင့်သာ ကန့်သတ်ခြင်းခံရမည်။

ထိုကဲ့သို့သောကန့်သတ်ချက်များသည် (က) ပုဂ္ဂလိကအခွင့်အရေးများနှင့် ဘုံအကျိုးစီးပွားအတွက်လိုအပ်သော တရားနည်းလမ်းကျသည့် အများပြည်သူဆိုင်ရာ မူဝါဒရည်မှန်းရွက်ချက်များ (ဥပမာ– အများပြည်သူဆိုင်ရာ တည်ငြိမ်အေးချမ်းမှုကိုထိန်းသိမ်းရန် လွတ်လပ်စွာ စုဝေးခွင့်အပေါ်ကန့်သတ်ခြင်းများ)၊ နှင့် (ခ) အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးနှင့် အပြိုင်အဆိုင်ဖြစ်နေသော သို့မဟုတ် ပဋိပက္ခရှိနိုင်ဖွယ်ဖြစ်သော အခွင့်အရေးများ အကြားတွင် တင်းမာမှုများရှိကြောင်းကို အသိအမှတ်ပြုသည်။ ဥပမာဆိုရသော် သတင်းစာတစ်စောင်သည် လူပုဂ္ဂိုလ်တစ်ဦး၏အတွင်းရေးကို ချိုးဖောက်သည့်ဆောင်းပါးတစ်ပုဒ်ကိုထုတ်ဝေမည်ဆိုပါက ထိုသူသည်ထိုသတင်းစာ အပေါ်တားမြစ်သည့်အမိန့်ကို တရားရုံးမှတောင်းခံပြီး ထိုဆောင်းပါးကို မထုတ်ဝေဖြစ်အောင် တားဆီးနိုင်သည်။ ထိုအခါ သတင်းစာသည် ၄င်း၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ခံရသည်ဟု ဆိုကာငြင်းခုံနိုင်သည်။

ဇယား ၃.၂ - ဥရောပ လူအခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများ ကာကွယ်စောင့်ရှောက်ရေး သဘောတူစာချုပ်ရှိ ခြွင်းချက်အခွင့်အရေးများ

အပိုဒ် ၁၀ (၁) –

‘လူတိုင်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိသည်....’

အပိုဒ် ၁၀ (၂) –

‘ဤလွတ်လပ်ခွင့်များကိုကျင့်သုံးရာတွင် အမျိုးသားလုံခြုံရေး၊ ပိုင်နက်တည်တံ့ခိုင်မြဲမှု၊ သို့မဟုတ် ပြည်သူ့လုံခြုံရေးအကျိုးစီးပွားများ၊ ဆူပူမှု သို့မဟုတ် မှုခင်းများအား

> တားဆီးရန်၊ ကျန်းမာရေး သို့မဟုတ် ကိုယ်ကျင့်တရားတို့အား ကာကွယ်စောင့်ရှောက်ရန်၊ အခြားသူများ၏ နာမည်ဂုဏ်သတင်းသို့မဟုတ် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ လျှို့ဝှက်သတင်းအချက်အလက်များ ထုတ်ဖော်မှုကိုတားဆီးရန်၊ သို့မဟုတ် တရားစီရင်ရေးအခွင့်အာဏာနှင့် ဘက်မလိုက်မှုကိုထိန်းသိမ်းရန်အတွက် ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခုတွင် လိုအပ်ချက်ဖြစ်ပြီး ဥပဒေအရပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ ကန့်သတ်ချက်များ သို့မဟုတ် ပြစ်ဒဏ်များကို လိုက်နာရမည်။'

အခွင့်အရေးများကို နည်းလမ်းများစွာဖြင့် အမျိုးအစားခွဲခြားနိုင်သော်လည်း တရားစီရင်ရေးစနစ်များစွာသည် (ဥရောပသာမက အာဖရိက၊ တောင်ပစိဖိတ်နှင့် ကာရစ်ဘီယံများတွင်ပင် သြဇာလွှမ်းမိုးမှုရှိသော ECHR ၏ ပြဋ္ဌာန်းချက်များအပါအဝင်) အခွင့်အရေးများကို အခြေခံအမျိုးအစား သုံးမျိုးခွဲခြားသည်။ ၄င်းတို့မှာ အကြွင်းမဲ့အခွင့်အရေး၊ ကန့်သတ်ချက်ရှိသောအခွင့်အရေးနှင့် ခြွင်းချက်ရှိသောအခွင့်အရေးတို့ဖြစ်သည်။

အကြွင်းမဲ့ အခွင့်အရေးများ

အကြွင်းမဲ့အခွင့်အရေးများသည် ကန့်သတ်ချက်များ သို့မဟုတ် ခြွင်းချက်များထားရှိ၍ မရပေ။ ဥပမာအားဖြင့် ECHR နှင့် ၎င်းသြဇာလွှမ်းမိုးမှုရှိသော နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအများအပြားတွင် ညှင်းပန်းနှိပ်စက်ခြင်းမှကင်းဝေးခွင့်ကို မည်သည့်အခြေအနေတွင်မဆို ကန့်သတ်မထားသည့် အကြွင်းမဲ့အခွင့်အရေးအဖြစ်ပြဋ္ဌာန်းထားသည်။

ကန့်သတ်ချက်ရှိသော အခွင့်အရေးများ

အချို့သောအခွင့်အရေးများသည် သတ်မှတ်ထားသောအခြေအနေများတွင် ယင်းတို့၏ခံစားခွင့်များကို တားမြစ်ထားနိုင်သည့်သဘောဖြင့် ကန့်သတ်ချက်များထားရှိသည်။ ဥပမာအားဖြင့် တရားမျှတသောတရားစီရင်မှု ဥပဒေစိုးမိုးမှုတို့နှင့်ပတ်သက်သော သဘောတူစာချုပ်၏ပြဋ္ဌာန်းချက်များအရ အကယ်၍ တစ်ဦးတစ်ယောက်သည် ရာဇဝတ်မှုကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခံရလျှင် ECHR အောက်ရှိ ပုဂ္ဂိုလ်ရေးလွတ်လပ်မှုအား ကန့်သတ်ခံရနိုင်သည်။

ခြွင်းချက်ရှိသော အခွင့်အရေးများ

ပိုမို၍ ယေဘုယျကျသော အခြေအနေများတွင် ကန့်သတ်ခံရနိုင်သော အခွင့်အရေးများကို ခြွင်းချက်ရှိသောအခွင့်အရေးများဟုခေါ်သည်။ ဥပမာအခြေအနေများမှာ မတူသောလူပုဂ္ဂိုလ်များ၊ အဖွဲ့များ၏ ပဋိပက္ခရှိနိုင်ဖွယ်ဖြစ်သော အခွင့်အရေးများကို ထိန်းညှိနိုင်ရန်

သို့မဟုတ် တစ်ဦးချင်း အခွင့်အရေးများကို အများစုဘုံအကျိုးနှင့် ပြန်လည်သင့်မြတ်စေရန် တို့ဖြစ်သည်။ ECHR အောက်တွင် အခြားသောဥပမာများလည်းရှိသည့်အနက် တစ်ခုမှာ ပုဂ္ဂလိကဘဝနှင့် မိသားစုဘဝကို လေးစားခံရပိုင်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် တို့ ဖြစ်ပါသည်။

စဉ်းစားစရာ အချက် (၁)

မည်သည့်အခွင့်အရေးများသည် အကြွင်းမဲ့ဖြစ်သင့်သနည်း။ မည်သည့်အခွင့်အရေးများတွင် ကန့်သတ်ချက်ရှိ၍ မည်သည်တို့တွင် ခြွင်းချက်ရှိသင့်သနည်း။ အကြွင်းမဲ့အခွင့်အရေးများ၏ အတိုင်းအဆပမာဏကို ချဲ့သင့်ပါသလား သို့မဟုတ် ချုံ့သင့်ပါသလား။ အကြွင်းမဲ့အခွင့်အရေးနှင့် ကန့်သတ်ချက် သို့မဟုတ် ခြွင်းချက်ရှိသောအခွင့်အရေးများကြား အရည်အသွေးဆိုင်ရာ ကွာခြားမှုရှိပါသလား။

အခွင့်အရေးများကို ကန့်သတ်ရန်အတွက် တရားနည်းလမ်းကျသည့် ရည်ရွယ်ချက်များ

အခွင့်အရေးများကို တရားနည်းလမ်းတကျကန့်သတ်နိုင်ရန်အတွက် အချို့သော ရည်ရွယ်ချက်များမှာ-

အခြားသူများ၏ အခွင့်အရေးကို အကာအကွယ်ပေးရေး

အခွင့်အရေးဆိုင်ရာပဋ္ဌိပက္ခတစ်ခုဖြစ်ပွားလျှင် အခြားသူများ၏အခွင့်အရေးများကိုကာကွယ်ရန်အတွက် အချို့သောအခွင့်အရေးများကို တစ်ခါတစ်ရံတွင်ကန့်သတ်ရန်လိုအပ်သည်။ ဥပမာအားဖြင့် ICCPR ၏ အပိုဒ် ၁၉ အောက်တွင် ဂုဏ်သတင်းအပါအဝင် အခြားသူများ၏ အခွင့်အရေးကို လေးစားရန်လိုအပ်ချက်ဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုကန့်သတ်နိုင်သည်။

ပြည်သူ့ကျန်းမာရေး

ပြည်သူ့ကျန်းမာရေးကိုကာကွယ်ရာ၌ တစ်ခါတရံ ဖြစ်တတ်သော ဥပမာအခြေအနေတစ်ခုမှာ သေစေနိုင်သော သို့မဟုတ် ကူးစက်တတ်သော ရောဂါခံရစားနေသောသူတစ်ဦးအား အခြားသူများကိုရောဂါကူးစက်ခြင်းအန္တရာယ်မှ ကာကွယ်ရန်အတွက် ရောဂါကူးစက်ခံရသူ၏ လွတ်လပ်စွာသွားလာခွင့်ကို (ဥပမာ-ရောဂါမကူးစက်ရန် အသွားအလာကန့်သတ်သော ဥပဒေများဖြင့်) ကန့်သတ်ထားရသည့် အခြေအနေမျိုးဖြစ်သည်။ ထိုနည်းတူစွာပင် အကယ်၍ ရုပ်ပိုင်းဆိုင်ရာအရာဝတ္ထုသည် ကျန်းမာရေးအန္တရာယ်ရှိပါက (ဥပမာအားဖြင့်

သူနာပြုတစ်ဦး လည်ပင်း၌ဝတ်ဆင်ထားသော ဘာသာရေးဆိုင်ရာသင်္ကေတသည် ရောဂါပိုးကူးစက်နိုင်သည့်ညစ်ညမ်းမှု၏ အရင်းအမြစ်ဖြစ်နိုင်သည်) လွတ်လပ်စွာကိုးကွယ်ခွင့်ကို ဖော်ပြသော ဘာသာရေးဆိုင်ရာသင်္ကေတဝတ်ဆင်ခြင်းကို ပြည်သူ့ ကျန်းမာရေးကိုအခြေခံပြီး ကန့်သတ်ထားနိုင်သည်။

အမျိုးသားလုံခြုံရေး

အချို့သောအခြေအနေများတွင် လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်သည် နိုင်ငံတော်၏လုံခြုံရေးကို အနှောင့်အယှက်ဖြစ်စေနိုင်သည်။ အလားတူ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုကျင့်သုံးပြီး နိုင်ငံတော်လျှို့ဝှက်ချက်များကို ထုတ်ဝေမှုသည် နိုင်ငံတော်လုံခြုံရေးအတွက် အန္တရာယ်ရှိနိုင်သည်။ သို့သော် နိုင်ငံများစွာတွင် နိုင်ငံတော်လုံခြုံရေးအကြောင်းပြချက်ကို အကြမ်းဖက်မှု သို့မဟုတ် ရန်သူများ၏ တိုက်ခိုက်ခြင်းမှ နိုင်ငံတော်ကိုကာကွယ်ရန်သာမက ငြိမ်းချမ်း၍ ဒီမိုကရေစီဆန်သော သဘောအမြင်ကွဲလွဲသည့်အဖွဲ့များကို နှောင့်ယှက်တိုက်ခိုက်ရန်အတွက်လည်း သုံးစွဲကြသည်။ အင်အားကြီးမားသည့် စီးပွားရေး သို့မဟုတ် အစိုးရနှင့်ဆိုင်သော အကျိုးစီးပွားများ ရရှိခံစားနိုင်သည့် အခွင့်ထူးများကို ခြိမ်းခြောက်စိန်ခေါ်ရန် စည်းရုံးလှုံ့ဆော်သော ဆင်းရဲသားများ၊ အလုပ်သမားများ၊ အလုပ်သမားသမဂ္ဂဝင်များနှင့် အခြားသြဇာအာဏာရှိ မဟုတ်ကြသောသူများအပေါ် ဤကန့်သတ်ချက်များကို အချိုးမမျှတစွာ မကြာခဏအသုံးချလေ့ရှိကြသည်။ ထို့ကြောင့် ဒီမိုကရေစီကို လျော့ကျသို့မဟုတ် အားနည်းစေသောနည်းလမ်းများကိုအသုံးပြုသည့် 'နိုင်ငံတော်လုံခြုံရေး' ဆိုသည့် ဖြစ်နိုင်ခြေများစွာပါဝင်နေသော အသုံးအနှုန်းကိုကာကွယ်ရန် အမှန်တကယ်ခြိမ်းခြောက်မှု၏အဓိပ္ပါယ်ကို သေချာစွာနှင့် ကျဉ်းမြောင်းစွာသတ်မှတ်ထားခြင်းဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဆန္ဒထုတ်ဖော်ခွင့်နှင့်သဘောထားကွဲလွဲခွင့်တို့ကိုကာကွယ်ပေးနိုင်မည်ဖြစ်သည်။

ပြည်သူ့ကိုယ်ကျင့်တရား

ပြည်သူ့ကိုယ်ကျင့်တရား ကာကွယ်ခြင်းကို အခွင့်အရေးများအား ကန့်သတ်ရန်အကြောင်းပြချက်အဖြစ် တစ်ခါတစ်ရံတွင် ရည်ညွှန်းလေ့ရှိသည်။ ဥပမာအားဖြင့် ညစ်ညမ်းရုပ်ပုံစာပေများကို စည်းမျဉ်းစည်းကမ်းဖြင့်ထိန်းချုပ်ရန်အတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ရာတွင်အသုံးပြုလေ့ရှိသည်။ မလေးရှားနှင့် ပါကစ္စတန်နိုင်ငံကဲ့သို့သောနိုင်ငံအချို့တွင် ကိုးကွယ်ရာဘုရားကိုစော်ကားခြင်းမှကာကွယ်ရန် လွတ်လပ်စွာပြောဆိုခွင့်နှင့်ထုတ်ဖော်ပြောဆိုခွင့်ကို ထိန်းချုပ်ရာတွင် ပြည်သူ့ကိုယ်ကျင့်တရားကိုကာကွယ်ရန်လိုအပ်မှုအကြောင်းပြချက်ဖြင့် ထိန်းချုပ်နိုင်သည်။ ထိုကဲ့သို့သောပြဋ္ဌာန်းချက်များသည် ဘာသာရေးလွတ်လပ်စွာကွဲလွဲခွင့်ကို သိသိသာသာထိခိုက်စေသည်။ ဥပမာအားဖြင့် အီဂျစ်

နိုင်ငံ၏ ၂၀၁၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'ဘာသာရေးသတင်းစကား ဝေဍသူများနှင့် ပရောဖက်များအားလုံးကို စော်ကားခြင်း သို့မဟုတ် မလေးမစားပြောဆိုခြင်း' ကိုတားမြစ်ထားပြီး တချိန်တည်းမှာပင် လွတ်လပ်စွာတွေးခေါ်ခွင့်နှင့် ထင်မြင်ယူဆခွင့်ကိုအာမခံပေးမည်ဟု ပြောဆိုထားသည်။ အကယ်၍ ပြည်သူ့ကိုယ်ကျင့်တရားအပေါ် အခြေခံသောကန့်သတ်ချက်များသည် နိုင်ငံရေးနှင့်လူမှုရေးအခြေအနေများတွင် လိုအပ်သည်ဟုထင်ရပါက ၎င်းကန့်သတ်ချက်များသည် ဘာသာရေး သို့မဟုတ် ကိုယ်ကျင့်တရားဆိုင်ရာ ထိလွယ်ရှလွယ်သော ကိစ္စရပ်များအပေါ် အများပြည်သူတို့ ဆွေးနွေးငြင်းခုံမှုများအား တားဆီးပိတ်ပင်ခြင်းမှမည်သို့ကာကွယ်နိုင်မည်ကိုစဉ်းစားရန် အရေးကြီးသည်။ ဤကန့်သတ်ချက်များသည် အမျိုးသမီးများကို မည်သို့အထူးတလည် ထိခိုက်နစ်နာစေမည်ကိုလည်း စဉ်စားရန်လိုအပ်သည်။ အခွင့်အရေးများကို ဘာသာရေးဆိုင်ရာ ပိတ်ပင်တားဆီးမှုများထားရှိခြင်းဖြင့် အမျိုးသမီးတို့၏ လူမှုရေးနှင့် ဥပဒေတန်းတူညီမျှမှုများအား လျှော့ချခံရတတ်သည်။ ဥပမာအားဖြင့် ဝတ်စားဆင်ယင်မှုအပေါ် ဘာသာရေးအရသတ်မှတ်ထားသော ကန့်သတ်ချက်များသည် အမျိုးသားများထက်အမျိုးသမီးများကို ပိုမိုအကျိုးသက်ရောက်နိုင်ဖွယ်ရှိသည်။

လူမှုတရားမျှတမှုကို အားပေးမြှင့်တင်ခြင်း

တရားစီရင်မှုများအရ တည်တံ့စေသည့် အခြေခံအခွင့်အရေးများသည် ပစ္စည်းဥစ္စာပိုင်ဆိုင်သူများ၏ ပုဂ္ဂလိကအကျိုးစီးပွားကိုကာကွယ်လျှက် ဆင်းရဲသားများနှင့် အများပြည်သူ၏ဘုံအကျိုးစီးပွား ထိခိုက်စေတတ်သည်ဟူသော ငြင်းခုံမှုများတစ်ခါတစ်ရံတွင်ရှိသည်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် ဥပဒေမှပြဋ္ဌာန်းထားသည့် အလုပ်ချိန်အပေါ် ကန့်သတ်ချက်များ (Lochner v. New York 1905) ကိုကန့်သတ်ထိန်းချုပ်ရန် အမေရိကန်ဖွဲ့အစည်းပုံအခြေခံဥပဒေ၏ ၁၄ ကြိမ်မြောက်ပြင်ဆင်ချက်မှ အာမခံထားသော လွတ်လပ်စွာစာချုပ်စာတမ်းချုပ်ဆိုခွင့်ကို အသုံးပြုခဲ့သည်။ ထို့ပြင် လွတ်လပ်စွာပြောဆိုခွင့်ကိုအသုံးချ၍ ဒီမိုကရေစီအရည်အသွေးကို လျော့ကျစေနိုင်သောကိစ္စရပ်ဖြစ်သည့် ကော်ပိုရိတ် စီးပွားရေးလုပ်ငန်းအကျိုးစီးပွားရှင်များမှ ရွေးကောက်ပွဲများတွင် အချိုးမညီမျှသော လွှမ်းမိုးမှုကိုဖြစ်စေနိုင်သော စီးပွားရေးလုပ်ငန်းများမှနိုင်ငံရေးအသုံးစရိတ်များ သုံးစွဲခွင့်ကိုရရှိစေခဲ့သည် (Citizens United v. Federal Electoral Commission 2010)။ အခွင့်အရေးများအပေါ် ကန့်သတ်ချက်များသည် (သို့မဟုတ် အခွင့်အရေး၏ သဘာဝ၊ အတိုင်းအတာနှင့် ကျင့်သုံးမှုတို့ကို ပိုမိုကျဉ်းမြောင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုခြင်းများသည်ပင်လျှင်) ထိုကဲ့သို့သောရလဒ်များ မဖြစ်ပေါ်လာစေရန်လိုအပ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွတ်လပ်စွာပြောဆိုခွင့်ဆိုင်ရာပြဋ္ဌာန်းချက်များကို တစ်ဖက်မှ ဥပဒေပြုလွတ်တော်အား မဲဆွယ်စည်းရုံးရေးရန်ပုံငွေအပေါ် စည်းမျဉ်းစည်းကမ်းများထားရှိနိုင်သည့် အခွင့်အာဏာ

ပေးအပ်ထားခြင်းဖြင့် ဟန်ချက်ညီစေနိုင်ပြီး လွတ်လပ်စွာစာချုပ်စာတမ်း ချုပ်ဆိုခွင့်ကို အလုပ်သမား စံချိန်စံညွှန်း၊ အလုပ်ချိန်၊ အနည်းဆုံးလုပ်ခ၊ စားသုံးသူကာကွယ်ရေးစသည် များအပေါ် ဥပဒေပြန်ဌာန်းခြင်းများမှတဆင့် စီးပွားရေးလုပ်ငန်းဆောင်တာများအပေါ်ထိန်း ကျောင်းနိုင်သည့်အခွင့်အရေးများကို ဥပဒေပြုလွှတ်တော်အား ယေဘုယျကျကျ အတိအလင်း ပေးအပ်သော ပြဋ္ဌာန်းချက်များဖြင့် ဟန်ချက်ညီစေနိုင်သည်။

၄။ ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်များကို ဒီဇိုင်းရေးဆွဲခြင်း

ယနေ့ကမ္ဘာပေါ်ရှိ ဥပဒေစနစ်များအားလုံးတွင် အတိအလင်း သို့မဟုတ် သွယ်ဝိုက်၍ ကောက်ယူနိုင်သော အခွင့်အရေးများအပေါ် ကန့်သတ်ခြင်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်း၍ဖြစ်စေ၊ စီရင်ထုံးများကိုအခြေခံသောဥပဒေ၌ဖြစ်စေ သို့မဟုတ် ဥပဒေပြုခြင်းအားဖြင့်ဖြစ်စေ ထားရှိကြသည်။ စင်စစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အားလုံးနီးပါးသည် သေချာတိကျစွာပြဋ္ဌာန်းထားသည့် ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက် အနည်းဆုံးတစ်ခုပါရှိတတ်ပြီး ၄၀ ရာခိုင်နှုန်းကျော်သည် ချုံငုံ၍အကျုံးဝင်စေသောပြဋ္ဌာန်းချက် တစ်မျိုးမဟုတ်တစ်မျိုး ပါဝင်သည် (Law and Versteeg 2013: 863)။ ထို့ကြောင့် ပဋ္ဌိပက္ခဖြစ်နေသောပြည်သူ့မူဝါဒ ရည်ရွယ်ချက်များနှင့် ဟန်ချက်မျှတအောင် ထိန်းသိမ်းခြင်းအားဖြင့် အခွင့်အရေးများကိုကန့်သတ်သည့် အလေ့အထသည် နေရာအားလုံးနီးပါးတွင်ဖြစ်လျှက်ရှိသည့် လက်တွေ့ဖြစ်စဉ်တစ်ခုဖြစ်သည် (Gardbaum 2007: 789)။

ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်များထည့်သွင်းခြင်းမှာ အမှန်ပင်ခေတ်စားခဲ့သည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းဖွဲ့စည်းပုံအခြေခံဥပဒေအများစုတွင် အခွင့်အရေးပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအဆင့်အတန်းရှိသည့် အခြားစည်းမျဉ်းများ သို့မဟုတ် တန်ဖိုးများဖြင့် ကန့်သတ်ထားနိုင်သည်ဟု ဖော်ပြထားသည် (Matthews and Sweet 2008: 73)။

ယေဘုယျနည်းလမ်းများ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဒီဇိုင်းရေးဆွဲသူများအနေဖြင့် အခွင့်အရေးများကန့်သတ်ခြင်းကို (က) ကန့်သတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်မထည့်သွင်းခြင်း၊ (ခ) ယေဘုယျဆန်သည့် ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက် ထည့်သွင်းခြင်း၊ (ဂ) အခွင့်အရေးအထူးပြု ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်များထည့်သွင်းခြင်း ဟူသည့်နည်းလမ်း (၃) သွယ်ဖြင့် ကိုင်တွယ်နိုင်သည်။

ကန့်သတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များမရှိခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေအနည်းစုသည် ကန့်သတ်ချက်များနှင့်ပတ်သက်၍ မည်သို့မျှဆို မထားကြချေ (ဥပမာ– အာဂျင်တီးနားနှင့် အမေရိကန်ပြည်ထောင်စု)။ ဆိုလိုသည်မှာ ကန့်သတ်ချက်များကို ဥပဒေပြုခြင်းနှင့် စီရင်ထုံးများကိုအခြေခံသော ဥပဒေအားဖြင့်သာ သတ်မှတ်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ၏ ပထမအကြိမ်ပြင်ဆင်ချက်တွင် 'ကွန်ဂရက်မှ (...) လွတ်လပ်စွာပြောဆိုခွင့်၊ သို့မဟုတ် ပုံနှိပ်ထုတ်ဝေခွင့်ကို တားမြစ်သည့်ဥပဒေမပြုရ'ဟု ရိုးရှင်းစွာဖော်ပြသည်။ ယင်းကို အခြားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တန်ဖိုးများအားထိခိုက်စေနိုင်လျှက်နှင့် လူ့အဖွဲ့အစည်းအတွက် စိုးရိမ်ဖွယ်ရှိသည်တို့ကို မျက်ကွယ်ပြုလျှက်ပင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ပေးထားသည့် 'အကြွင်းမဲ့' အကာအကွယ်ပေးမှုတစ်ခုအဖြစ် မှတ်ယူလေ့ရှိသည် (Dorsen et al. 2010: 854)။ သို့သော် ထုတ်ဖော်ပြောဆိုမှုပုံစံအားလုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ်ပေးထားသည်ဟု မဆိုလိုပါ။ Chaplinsky v. New Hampshire (၁၉၄၂) စီရင်ထုံးတွင် အမေရိကန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် "ၔင်းတို့ကို တားမြစ်လျှင်၊ ပြစ်ဒဏ်ချမှတ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဿနာတစ် ရပ်ရပ်ဖြစ်ပေါ်လာနိုင်သည်ဟု မည်သည့်အခါကမှ မစဉ်းစားခဲ့ဖူးသော တိကျစွာသတ်မှတ်ထားပြီး ကျဉ်းမြောင်းစွာကန့်သတ်ထားသော ထုတ်ဖော်ပြောဆိုမှုအမျိုးအစားအချို့ ရှိပေသည်" ဟု စီရင်ချက်ချခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များသတ်သတ်မှတ်မှတ် ဖော်ပြထားခြင်းမရှိပါက အကာအကွယ်ပေးထားသည့် အခွင့်အရေးများ၏ သဘောသဘာဝနှင့် အတိုင်းအတာကိုသတ်မှတ်ပေးရန်မှာ မူလအားဖြင့် တရားရုံးများ၏တာဝန်ဖြစ်သည်။ ကန့်သတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များမပါရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးနောက်တွင်မှ အခွင့်အရေးများ၏အတိုင်းအတာကို တရားရုံးများမှတဆင့်သတ်မှတ်သွားရန် လုပ်ဆောင်မှုသည် ယုံကြည်စိတ်ချရသော တရားရုံးများရှိသည့် ဒီမိုကရေစီနိုင်ငံများတွင် ယုတ္တိတန်သောချဉ်းကပ်မှုဖြစ်နိုင်သော်လည်း ၔင်းမှာ နောက်ဆက်တွဲလမ်းညွှန်ချက်များမပါရှိဘဲ ကန့်သတ်ချက်များကို တစ်ဆင့်ချင်းသတ်မှတ်ပြဋ္ဌာန်းတည်ဆောက်သွားရန် အတွေ့အကြုံမလုံလောက်သေးသော၊ အားကောင်းခိုင်မာခြင်းမရှိသေးသော လွှတ်တော်နှင့် တရားရုံးများရှိသော နိုင်ငံများတွင် အန္တရာယ်များလှပေသည်။

ယေဘုယျကန့်သတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်

အခွင့်အရေးတစ်ခုစီကိုကန့်သတ်နိုင်ရန် ကျန်းမာရေး သို့မဟုတ် ကိုယ်ကျင့်တရားကဲ့သို့ သောအခြေအနေများကို အသေးစိတ်သတ်မှတ်ဖော်ပြခြင်းထက် အချို့ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ယေဘုယျကန့်သတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်တစ်ခုတည်းကိုသာ ထည့်သွင်း

ကြသည်။ ဥပမာအားဖြင့် ကနေဒါဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'ဤဥပဒေတွင် ဖော်ပြထား သော အခွင့်အရေးများနှင့်လွတ်လပ်မှုများကိုအာမခံသည်ဆိုရာ၌ ဥပဒေဖြင့်ပြဋ္ဌာန်းထားပြီး လွတ်လပ်သော ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတွင် ထားရှိရန်သင့်လျော်ကြောင်း ထင်ရှား စွာပြသနိုင်သည့် ကျိုးကြောင်းဆီလျော်သည့် ကန့်သတ်ချက်များသာ ရှိစေရမည်' (ပုဒ်မ ၁၊ ကနေဒါနိုင်ငံ အခွင့်အရေးနှင့် လွတ်လပ်မှုများပဋ္ဌိညာဉ်၊ အထူးပြုစာလုံးပုံစံ ဖြည့်စွက်ထား သည်)။ ထိုကဲ့သို့သော ယေဘုယျကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်သည် ပြောင်းလွယ် ပြင် လွယ်ရှိပြီး အဓိပ္ပါယ်ဖွင့်ဆိုရန်အတွက် နေရာပေးနိုင်သော်လည်း ယင်းကဲ့သို့တိကျမှု မရှိ သော သဘောသဘာဝသည် တရားရုံး၏ရပ်တည်ချက်ပေါ်မူတည်၍ အခွင့်အရေးများကို ဖြစ်သင့်သည်ထက်ပိုသည့် သို့မဟုတ် လျော့သည့် ကန့်သတ်မှုများရှိနိုင်သည်။

မွတ်စလင်ဘာသာဝင် အများစုရှိသည့်နိုင်ငံအချို့တွင် အစ္စလာမ်ဘာသာနှင့်ဆိုင်သော စံနှုန်းသတ်မှတ်ချက်များနှင့် ဆန့်ကျင်သည့်အခွင့်အရေးများကိုကန့်သတ်သော ယေဘုယျ ကျသည့်ပြဋ္ဌာန်းချက်များ ချမှတ်ထားကြောင်းလည်း သတိပြုသင့်သည်။ ဥပမာအားဖြင့် မော်လ်ဒိုက်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၁၆ သည် 'အစ္စလာမ်ဘာသာ၏အခြေခံသဘော တရားများနှင့် မဆန့်ကျင်သောပုံစံတွင်'သာ အခွင့်အရေးများကို အာမခံထားသည်။ ထို ကဲ့သို့ 'ရှေ့နောက်မညီသော ပြဋ္ဌာန်းချက်များ'ကို International IDEA ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေတည်ဆောက်ရေး စာတမ်းအမှတ် ၈ – *ဘာသာရေးနှင့် နိုင်ငံအကြားဆက်စပ်မှု* တွင် ဆွေးနွေးထားသည်။

အခွင့်အရေး အထူးပြုကန့်သတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ

အချို့ဖွဲ့စည်းပုံအခြေခံဥပဒေများသည် သီးခြားအခွင့်အရေးများနှင့်ဆက်စပ်သော ကန့် သတ်ချက်များကို ချမှတ်သည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ တွင် လွတ်လပ်စွာပြောဆိုခွင့်၊ ထုတ်ဖော်ခွင့်၊ စုဝေးခွင့်နှင့် အခြားအခွင့်အရေးများကို ဖော်ပြပြီး ၄င်းအခွင့်အရေးတစ်ခုချင်းစီ၏ကျင့် သုံးမှုနှင့်သက်ဆိုင်သည့် သီးခြားကန့်သတ် ချက်များကိုဖော်ပြထားသည်။ သီးခြားကန့်သတ်ချက်များကို သီးခြားအခွင့်အရေးများ၏ အရေးပါမှု၊ သဘောသဘာဝတို့နှင့်ကိုက်ညီစေရန် ရေးဆွဲနိုင်သည်။ ဥပမာအားဖြင့် ECHR တွင် 'တစ်ဦးတစ်ယောက်၏ အတွင်းရေးကိုထိခိုက်စေနိုင်လျှက် နိုင်ငံတော်လုံခြုံရေး၊ အများ ပြည်သူလုံခြုံရေးနှင့် စီးပွားရေးသာယာဝပြောမှုတို့ကိုရရှိရန် ကြိုးပမ်းခြင်းမှာ တရားနည်း လမ်းကျသော်လည်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အများပြည်သူ လုံခြုံရေးတို့အတွက်သာလျှင် လွတ်လပ်စွာထုတ်ဖော်ခွင့်ကိုထိခိုက်စေနိုင်ပြီး၊ အများပြည်သူလုံခြုံရေးအတွက်သာလျှင် လွတ်လပ်စွာကိုးကွယ်ခွင့်ကို ထိခိုက်စေနိုင်သည်' (Rivers 2006: 195)။

ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်များကို မူကြမ်းရေးဆွဲခြင်း - အလွဲသုံးစားလုပ်မှုများကို တားဆီးခြင်း နည်းလမ်းများ

နောင်တွင် အလွဲသုံးစားလုပ်မှုများ ဖြစ်နိုင်ချေရှိသောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများသည် ကန့်သတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်သော စကားလုံးအ ထားသိုများကို ဂရုတစိုက်စဉ်းစားသင့်သည်။ အာဏာရှင်ဆန်သော ဖွဲ့စည်းပုံအခြေခံဥပဒေ များတွင် ပုံမှန်အားဖြင့် အခွင့်အရေးအပေါ် ကန့်သတ်ချက်များသတ်မှတ်ရန် လွှတ်တော်ကို ခွင့်ပြုထားပြီး ၄င်းကန့်သတ်ချက်များ၏ အတိုင်းအတာကိုသတ်မှတ်ရန် လွှတ်တော်၏ ဆုံးဖြတ်ပိုင်ခွင့်အပေါ် ကန့်သတ်ချက်အနည်းငယ်သာ ထားရှိထားသည်။ တနည်းဆိုရသော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများသည် လွှတ်တော်များ (၄င်းလွှတ်တော်များ ကိုယ်တိုင်သည်လည်း နိုင်ငံရေးအရအားနည်းပြီး အင်အားကြီးသောအုပ်ချုပ်ရေးမဏ္ဍိုင်များ ၏ လွှမ်းမိုးမှုအောက်တွင်ရှိလေ့ရှိသည်) ခွင့်ပြုသည့်အတိုင်းအတာအတွင်းသာတည်ရှိသည်။ လက်တွေ့တွင် ထိုကဲ့သို့သောဖွဲ့စည်းပုံအခြေခံဥပဒေများသည် လူ့အခွင့်အရေးကို ထိရောက် သော အကာအကွယ်မပေးနိုင်ချေ။ အကြောင်းရင်းမှာ ဖော်ပြထားသည့်အခွင့်အရေးများကို ၄င်းတို့အပေါ် ကန့်သတ်ချက်များက အဓိပ္ပါယ်အတော်ကင်းမဲ့စေသောကြောင့် ဖြစ်သည်။ ဥပမာအားဖြင့် ၁၉၇၁ ခုနှစ် အီဂျစ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၇ တွင် 'လွတ်လပ်စွာ ထင်မြင်ယူဆခွင့်ကို အာမခံသည်။ လူတစ်ဦးချင်းစီသည် မိမိတို့၏ထင်မြင်ယူဆချက်များကို ထုတ်ဖော်ခွင့်ရှိပြီး ၄င်းကိုဥပဒေကန့်သတ်ချက်အတွင်း နှုတ်အားဖြင့်သော်လည်းကောင်း စာရေးသား၍သော်လည်းကောင်း ရုပ်ပုံဖြင့်သော်လည်းကောင်း အခြားနည်းလမ်းများဖြင့် သော်လည်းကောင်း ဖြန့်ချိနိုင်သည်' ဟုဖော်ပြထားသည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ စည်းမျဉ်းသည် ယင်းဥပဒေကန့်သတ်ချက်များ မည်မျှအတိုင်းအတာအထိချဲ့နိုင်သည်ကို ကန့်သတ်မထားပေ။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် သမ္မတ၏ ကျန်းမာရေးနှင့် ပတ်သက်၍ မည်သည့်လူထုဆွေးနွေးမှုကိုမဆို တားမြစ်သည့်ဥပဒေတစ်ရပ်အား အများ ပြည်သူလုံခြုံရေးကိုအကြောင်းပြု၍ ပြဋ္ဌာန်းလိုက်သည်။ ရဲ၊ စစ်တပ် သို့မဟုတ် တရားရုံးများ ကို ပြည်သူလူထုကြားတွင်ဝေဖန်မှုများအား တားမြစ်သည့်ဥပဒေများကိုလည်း ပြဋ္ဌာန်းခဲ့ သည်။ ဤသို့နှင့် နိုင်ငံတော်ကိုဝေဖန်ရန် မဖြစ်နိုင်သလောက်ဖြစ်လာခဲ့ပြီး ပုဒ်မ ၄၇ တွင် ကျယ်ပြန့်ပြီး ရက်ရောသောအသုံးအနှုန်းများ သိသာထင်ရှားစွာဖော်ပြထားသော်လည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်မှာ အခြေခံအားဖြင့်မရှိတော့ပေ။

အထက်ပါဥပမာတွင် လွတ်လပ်စွာနိုင်ငံရေးသဘောထားကွဲလွဲခွင့်ကို ကန့်သတ်လိုသော လွှတ်တော်အတွင်းရှိလူများစု၏ ရည်ရွယ်ချက်မှ ဖွဲ့စည်းပုံအရအကာအကွယ်ကို အနည်းငယ် သာပေးထားသည်။ အမှန်ပင် ဤကဲ့သို့သောမပြတ်သားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်း

ချက်မှပေးအပ်သည့် အခွင့်အရေးမှာ လွတ်လပ်စွာပြောဆိုခွင့်လော သို့မဟုတ် လွတ်လပ်စွာပြောဆိုခွင့်ကိုကန့်သတ်နိုင်သည့် လွတ်တော်၏အခွင့်အရေးကိုလောဆိုသည်မှာ မေးခွန်းထုတ်စရာပင်ဖြစ်နေတော့သည်။

အခြားမတူသည့် နည်းလမ်းတစ်ခုအနေဖြင့် ခေတ်သစ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိနိုင်သော ကောင်းမွန်သည့်ကန့်သတ်ချက်မှုဆိုင်ရာ ပြဋ္ဌာန်းချက်တစ်ခုအားမည်ကဲ့သို့ ရေးသားဖွဲ့စည်းထားနိုင်မည်ကို ဥပမာတစ်ခုစဉ်းစားကြည့်ပါ။ ၎င်းပြဋ္ဌာန်းချက်အား အောက်ပါပုံစံအတိုင်းထားရှိနိုင်သည်။

၁။ ဤပုဒ်မတွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ လူတိုင်းတွင်လွတ်လပ်စွာပြောဆိုခွင့်ရှိသည်။ အမျိုးသားလုံခြုံရေး ကိုကာကွယ်ရန်၊ အများပြည်သူအေးချမ်းသာယာရေးကို ထိန်းသိမ်းရန်နှင့် အခြားသူများ၏အခွင့်အရေးများကို ကာကွယ်ရန်တို့အတွက် ဤအခွင့်အရေးအပေါ်ကန့်သတ်ချက်များကို ဥပဒေကပြဋ္ဌာန်းထားသည်။

၂။ ထိုကဲ့သို့သောကန့်သတ်ချက်များကို ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် မရှိမဖြစ်လိုအပ်ပြီး ကျိုးကြောင်းဆီလျော်သည့် အတိုင်းအတာအတွင်းသာ ပြဋ္ဌာန်းနိုင်သည်။

၃။ ပြည်သူ့ရေးရာမူဝါဒများနှင့် အရာထမ်းများကိုဝေဖန်ခြင်း၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးနှင့်ပညာရေးဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်သော အချက်အလက်နှင့် ထင်မြင်ယူဆချက်များကို လွတ်လပ်စွာဆက်သွယ်ပြောဆိုခွင့် အပါအဝင် အခွင့်အရေး၏အနှစ်သာရများကိုမချိုးဖောက်ရပေ။

၄။ မူလအခြေခံဥပဒေ (organic law) ဖြင့်သာ လွတ်လပ်စွာပြောဆိုခွင့်အပေါ်ကန့်သတ်ချက်များပြဋ္ဌာန်းနိုင်သည်။

၅။ လွတ်လပ်စွာပြောဆိုခွင့်အပေါ် ကန့်သတ်သည့်ဥပဒေတစ်ရပ်သည် ၅ နှစ်ကြာကာလအထိ အာဏာသက်ရောက်နိုင်ပြီး အများဆုံး ၅ နှစ်အထိအာဏာသက်ရောက်နိုင်သော အခြားမူလဥပဒေတစ်ရပ်ရပ်ဖြင့် သက်တမ်းတိုးခြင်းမရှိပါက သက်တမ်းကုန်ဆုံးသွားမည်ဖြစ်သည်။

လက်ရှိ ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေ အမျိုးမျိုးတွင်တွေ့ရသော အမှန်တကယ်ရှိသည့်ပြဋ္ဌာန်းချက်များကိုအခြေခံသော ဤပြဋ္ဌာန်းချက်များသည် အခွင့်အရေးများကိုကန့်သတ်ရန်အတွက် အကြောင်းရင်းများကိုသတ်မှတ်ရာတွင် ပိုမို၍အသေးစိတ်နိုင်ပြီး အလွဲသုံးစားလုပ်မှုများမှကာကွယ်နိုင်သော နည်းလမ်းအချို့ကိုတင်ပြထားခြင်းဖြစ်သည်။

- အခွင့်အရေးကို ကန့်သတ်နိုင်သောအခြေအနေများကို ပိုမို၍စေ့စပ်ကျဉ်းမြောင်းစွာ သတ်မှတ်ထားသည်။ ကန့်သတ်ချက်တစ်ခုသည် တရားနည်းလမ်းကျသောရည်ရွယ်ချက်ရှိရမည်ဖြစ်သည်။ ဤတွင် တရားနည်းလမ်းကျသောရည်ရွယ်ချက်များဆိုသည်မှာ 'အမျိုးသားလုံခြုံရေးကိုကာကွယ်ခြင်း၊ အများပြည်သူတည်ငြိမ်းအေးချမ်းမှုကို ထိန်းသိမ်းခြင်းနှင့် အခြားသူများ၏ အခွင့်အရေးများကိုကာကွယ်ခြင်း'တို့ဖြစ်သည်။ အစိုးရအာဏာ ပိုင်များကိုအရှက်ရစေခြင်းမှ တားဆီးခြင်းကဲ့သို့သော အခြားရည်ရွယ်ချက်များသည် ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် တရားနည်းလမ်းမကျနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည်အများပြည်သူကြားဝေဖန်မှုနှင့် ဆွေးနွေးငြင်းခုံခြင်းတို့၏အတိုင်းအတာကို လက်သင့်မခံနိုင်အောင် ကျဉ်းမြောင်းစေလိုက်နိုင်သောကြောင့်ဖြစ်သည်။

- ကန့်သတ်ချက်အတိုင်းအတာကို လိုအပ်မှု၊ အချိုးညီမှု သို့မဟုတ် ကျိုးကြောင်းဆီလျော်မှုတို့အားဖြင့် သတ်မှတ်နိုင်သည်။ ECHR တွင်တွေ့ရသော ပြဋ္ဌာန်းချက်များနှင့်အလားတူသည့် ဤဥပမာပြဋ္ဌာန်းချက်တွင် 'လိုအပ်မှု' သို့မဟုတ် 'ဒီမိုကရေစီလူ့အဖွဲ့အစည်းရှိ ကျိုးကြောင်းဆီလျော်မှု' ရှိသော အခြေအနေများအပေါ်သာ အခွင့်အရေးများကို ကန့်သတ်နိုင်သည်ဟုသတ်မှတ်သည်။ ၎င်းသည် ဥပဒေပြုသူများ ဥပဒေပြုရာတွင်နှင့် တရားရုံးများမှ ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်ညီညွတ်မှု ရှိမရှိကို ကိုဆုံးဖြတ်ရာတွင်ထည့်သွင်းစဉ်းစားရမည့် စီစစ်ချက်တစ်ခုကို ဖြစ်ပေါ်စေသည်။ ဤအခြေအနေတွင် လိုအပ်မှုမှာ ကျိုးကြောင်းဆီလျော်မှုထက် ပိုမိုကြီးမားသောအတားအဆီးဖြစ်သည်။ ကန့်သတ်ချက်တစ်ခုသည် မရှိမဖြစ်မလိုအပ်ဘဲ ကျိုးကြောင်းဆီလျော်မှုရှိနိုင်သော်လည်း မရှိမဖြစ်လိုအပ်ချက်ကိုယ်၌မှာမူ ကျိုးကြောင်းဆီလျော်မှု၏ သက်သေပင်ဖြစ်သည်။ ဤနယ်ပယ်ရှိ တရားရေးစနစ်သည် အချိုးကျသဘောတရားကို ပိုမို၍မှီခိုအားထားလာရလျက်ရှိသည်။ ဆိုလိုသည်မှာ အခွင့်အရေးအပေါ်ကန့်သတ်ခြင်းသည် ၎င်းအခွင့်အရေးကို ကန့်သတ်ခြင်းမှထွက်ပေါ်လာသည့် အကျိုးသက်ရောက်မှုကို အချိုးညီညွတ်စေရမည်ဟူ၍ဖြစ်သည်။

- လွတ်လပ်စွာပြောဆိုခွင့်၏ အခြေခံအဓိကအချက်ကို ချိုးဖောက်၍မရနိုင်ပါ။ ဤအခြေခံအဓိက အချက်များ၏ သတ်မှတ်ဘောင်ကို နိုင်ငံရေးတရားဥပဒေလုပ်ငန်းစဉ်အရ ဆုံးဖြတ်ကြရမည်ဖြစ်သော်လည်း အထက်နမူနာစာတွင် ပါရှိသည့်တိုင်း အကာအကွယ်ပေးရမည့်အခွင့်အရေး၏ ရည်ရွယ်ချက်အပေါ်လမ်းညွှန်ချက်အချို့ကို (ဆိုလိုသည်မှာ ပြည်သူအရေးနှင့် လူမှုရေးဆိုင်ရာကိစ္စ ရပ်များနှင့်သက်ဆိုင်

သော အချက်အလက်နှင့်ထင်မြင်ယူဆချက်များကို လွတ်လပ်စွာဖြန့်ဝေခွင့်ပြုရန်) ဥပဒေပြုသူများနှင့် တရားရုံးများအား ပေးအပ်ထားမည်ဖြစ်သည်။ မရှိမဖြစ်အနှစ်သာရ အယူဝါဒ (The doctrine of substantial essence) ကို ၁၉၄၉ ခုနှစ်ဂျာမန် အခြေခံဥပဒေတွင် ထည့်သွင်းထားခဲ့ပြီးသည့်အချိန်မှစ၍ ယင်းကို အခြားနိုင်ငံများ စွာ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်လည်း ထည့်သွင်းခဲ့သည်။ သို့သော်လည်း လက်တွေ့တွင် အချိုးကျမှုဆိုင်ရာမူများသည် တရားရုံးများအပေါ် များစွာမူတည်လေ့ရှိသည်။

- အခွင့်အရေးများကို ကန့်သတ်သောဥပဒေတစ်ရပ်သည် မူလအခြေခံဥပဒေတစ်ရပ် (organic law) ဖြစ်ရမည်ဟူ၍ လုပ်ထုံးလုပ်နည်းဆိုင်ရာ စီစစ်မှုတစ်ခုရှိသည်။ တရားရေးစနစ်များစွာတွင် သာမန်ဥပဒေများ (ordinary laws) နှင့် မူလအခြေခံ ဥပဒေများ (organic laws) (အတည်ပြုပြဋ္ဌာန်းရန်အတွက် ပုံမှန်ထက်တိုးမြှင့် ထားသော မဲအများစုလိုအပ်ချက် သို့မဟုတ် သတ်မှတ်ချက်ဆိုင်ရာစည်းကမ်းများ သို့မဟုတ် ပိုမိုများပြားသော ဥပဒေပြုလုပ်ထုံးလုပ်နည်းများစသည်တို့ လိုအပ်လေ့ ရှိသော ပြည်သူ့အာဏာဖွဲ့စည်းမှုနှင့်ပတ်သက်သော အရေးကြီးသည့်ဥပဒေများ) အကြားကွဲပြားခြားနားမှုရှိသည်။ မူလအခြေခံဥပဒေနှင့် သာမန်ဥပဒေများအကြား ကွဲပြားခြားနားမှုမရှိသည့် တရားရေးစနစ်များတွင်ပင် အခွင့်အရေးကိုကန့်သတ် သည့် အချို့ဥပဒေများသည် ထပ်တိုးလုပ်ထုံးလုပ်နည်း အတားအဆီးများရှိနိုင် သည်။ ဥပမာအားဖြင့် ဆွီဒင် (ဖွဲ့စည်းပုံအခြေခံဥပဒေ (Instrument of Government)၊ ပုဒ်မ ၂၂) သည် လွတ်တော်အမတ်ဆယ်ပုံတစ်ပုံမှ အခွင့်အရေးကိုကန့်သတ်သည့် ဥပဒေကြမ်းကို ဆိုင်းငံ့သည့်ဗီတိုပြဋ္ဌာန်းနိုင်ခွင့်အား ပေးထားသည်။ ၄င်းသည် အနည်းဆုံး တစ်နှစ်အထိကြာမြင့်နိုင်ပြီး လွတ်တော်အမတ်၏ ခြောက်ပုံငါးပုံ အများစုဖြင့်သာ ယင်းဗီတိုကိုပယ်ဖျက်နိုင်ခြင်းဖြင့် အလျင်စလို သို့မဟုတ် ဘက် လိုက်သော အခွင့်အရေးချိုးဖောက်မှုမှကာကွယ်ရန်ဖြစ်သည်။

- အကာအကွယ် ပေးထားသည့်အခွင့်အရေးကို ကန့်သတ်သောဥပဒေတိုင်းတွင် အချိန်တိုင်လျှင်အပြီးသတ်သွားမည့်ပြဋ္ဌာန်းချက် (sunset clause) ရှိသည်။ ဆိုလို သည်မှာ ဥပဒေသည်သတ်မှတ်ထားသည့်အမြင့်ဆုံးကာလ အထိသက်ရောက်နေ မည်ဖြစ်ပြီး လွတ်တော်မှသက်တမ်းတိုးခြင်းမရှိလျှင် အလိုအလျောက်အဆုံးသတ် သွားခြင်းဖြစ်သည်။ ဤပြဋ္ဌာန်းချက်၏အားသာချက်တစ်ခုမှာ နိုင်ငံရေးမီးမောင်း ထိုးမှုအောက်တွင် အခွင့်အရေးကန့်သတ်ခြင်းကို ထိန်းသိမ်းထားခြင်းဖြစ်သည်။ အခွင့်အရေးကန့်သတ်ချက်ကို ထောက်ခံသူများအနေဖြင့် ထိုကဲ့သို့သောကန့်

သတ်ချက်များထားရှိရန် အခါအားလျော်စွာ တင်ပြနေမည်ဖြစ်ပြီး ၎င်းတို့၏တင်ပြချက်ကို ဖြေရှင်းချက်ပေးရန် တွန်းအားပေးနေမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ကန့်သတ်ချက်များသည် အမြဲရှိနေသည်၊ အလိုအလျောက်ဖြစ်နေသည် သို့မဟုတ် ၎င်းတို့၏ဖြစ်တည်မှုကို မေးခွန်းထုတ်ရန်မလိုဟု လူအများမထင်မြင်ကြစေရန်လည်း ကာကွယ်ပေးမည်ဖြစ်သည်။ အခွင့်အရေးအပေါ် ကန့်သတ်မှုကို ကန့်ကွက်သောသူများအား ၄င်းတို့၏ကန့်ကွက်ချက်ကို အသစ်တစ်ဖန်တင်ပြရန် အခါအားလျော်စွာ အခွင့်အရေးပေးနေမည်ဖြစ်သည်။

စဉ်းစားစရာ အချက် (၂)

လက်ရှိ စဉ်းစားသုံးသပ်လျှက်ရှိသော ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်၏ရည်ရွယ်ချက်မှာ အဘယ်နည်း။ အခွင့်အရေးကို ကန့်သတ်ရန်လော သို့မဟုတ် ကန့်သတ်ထားနိုင်သည့် အနေအထားနှင့်အခြေအနေများကို သတ်မှတ်ခြင်းဖြင့် အခွင့်အရေးများကို အကာအကွယ်ပေးရန်လော။ ဤရည်ရွယ်ချက်များသည် ပြဋ္ဌာန်းချက်၏ စကားလုံးအသုံးအနှုန်း အထားအသိုတွင် မည်သို့ထင်ဟပ်သနည်း။

၅။ ရေဝံပြေဝံအခြေအနေများကိုထည့်သွင်းစဉ်းစားခြင်း

ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်ကို မည်သည့်ပုံစံချမှတ်သင့်သည်မှာ သက်ဆိုင်သော နိုင်ငံ၏ သမိုင်းနှင့် ယဉ်ကျေးမှုအခြေအနေအပေါ်တွင်မူတည်သည်။

ဒီမိုကရေစီတန်ဖိုးများနှင့် လူမှုအဖွဲ့အစည်း

နက်ရှိုင်းစွာအမြစ်တွယ်နေသည့် လစ်ဘရယ်ဒီမိုကရေစီတန်ဖိုးများ၊ တက်ကြွသောအရပ်ဖက်အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးမှတ်တမ်းကောင်းများရှိသော ခိုင်မာသည့်ဒီမိုကရေစီအင်စတီကျူးရှင်းများရှိသည့် နိုင်ငံများတွင် ဥပဒေပြုလွှတ်တော်အမတ်များနှင့် တရားရုံးများအတွက် ချင့်ချိန်ဆုံးဖြတ်ခွင့်များစွာပေးအပ်ထားသော မရေရာမရှင်းလင်းသည့် ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်များသည် လက်ခံနိုင်ဖွယ်ဖြစ်နိုင်သည်။ အကြောင်းမှာ အနည်းဆုံးဤတန်ဖိုးများတည်ရှိနေသ၍ မလိုအပ်သောဝင်ရောက်စွက်ဖက်မှုများကို ဥပဒေပြုလွှတ်တော်၊ တရားရုံးများနှင့် လူထုအထင်အမြင်များမှ နိုင်ငံရေးအရ တွန်းလှန်နိုင်ဖွယ်ရှိသောကြောင့်ဖြစ်သည်။ သို့သော် ၄င်းယူဆချက်သည် လူ့အဖွဲ့အစည်းတစ်ခုလုံးရှိ ပြည်သူ့နီတိပညာရေးနှင့် ဒီမိုကရေစီတန်ဖိုးများ၊ စံနှုန်းများအပေါ် အခြားသောအရာများထက် အမြင့်ဆုံးတန်ဖိုးထားရှိခြင်းဖြစ်သည်။ အခြားတစ်ဖက်တွင် အာဏာရှင်စနစ်တန်ဖိုးများလွှမ်းမိုးသည့်နေရာသို့မဟုတ် လူမှုအဖွဲ့အစည်းအားနည်းသည့်နေရာဖြစ်သော အာဏာရှင်စနစ်အုပ်ချုပ်မှုသက်တမ်းရှည်သော လူ့အဖွဲ့အစည်းတစ်ရပ်တွင် ချိုးဖောက်မှုများကို တားဆီးရန်အတွက် ပိုမိုစေ့စပ်ပြီး ရှင်းလင်းပြတ်သားသည့် ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်များ လိုအပ်နိုင်သည်။

လူနည်းစုများနှင့် ဖယ်ကြဉ်ခံရသောအုပ်စုများ

အတိတ်တွင်ဖယ်ကြဉ်မှု၊ ဖိနှိပ်မှု သို့မဟုတ် ခွဲခြားဆက်ဆံမှုခံရသောလူမျိုးရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး သို့မဟုတ် အခြားသောလူနည်းစုများရှိသည့်နိုင်ငံများတွင် အခွင့်အရေးအပေါ် ကန့်သတ်ချက်များကို ဖက်ကြဉ်ခံရသောအုပ်စုအဖွဲ့ဝင်များအပေါ် အချိုးမမျှတစွာ နစ်နာစေခြင်းကဲ့သို့သော ခွဲခြားဆက်ဆံသည့်နည်းအဖြစ် အသုံးမပြုနိုင်စေရန် အထူးလိုအပ်

သည်။ တင်းကြပ်စွာဖော်ပြထားသည့် ခွဲခြားဆက်ဆံမှုဆန့်ကျင်ရေး ပြဋ္ဌာန်းချက်များသည် ၄င်းတို့ကိုတားဆီးရန် အထောက်အကူဖြစ်နိုင်သည်။ ထိုကဲ့သို့သောပြဋ္ဌာန်းချက်များသည် အစိုးရ၏မဏ္ဍိုင်များဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့တွင် (ဥပမာ ခွဲတမ်းစနစ်အားဖြင့်) ထိုအုပ်စုများ၏အဖွဲ့ဝင်များကို ထည့်သွင်းခြင်းဖြင့် အားလုံးပါဝင်မှုကို မြှင့်တင်သည့် အခြားဆောင်ရွက်မှုများနှင့်တွဲ၍လုပ်ဆောင်ပါက ပို၍ထိရောက်နိုင်သည်။

ဥပဒေပြုအဖွဲ့အစည်းများ၏ ထိရောက်မှု

အကယ်၍ အုပ်ချုပ်ရေးမဏ္ဍိုင်မှအမှန်တကယ်လွတ်လပ်ပြီး အခွင့်အရေးများကိုကာကွယ်ရန် ကတိကဝတ်ပြုထားသည့် ခိုင်မာသော၊ ဗဟုဝါဒကျင့်သုံးသော ဥပဒေပြုလွှတ်တော်တစ်ရပ်ရှိပါက အခွင့်အရေးကိုဥပဒေဖြင့်ကန့်သတ်ရာတွင် ရိုးရှင်းသောပြဋ္ဌာန်းချက်များဖြင့် လုံလောက်နိုင်သည်။ သို့သော် အားနည်းသော၊ တာဝန်ကျေသာလုပ်ဆောင်သော သို့မဟုတ် အုပ်ချုပ်ရေးမဏ္ဍိုင်၏လက်အောက်ခံဖြစ်သော ဥပဒေပြုလွှတ်တော်များရှိသည့် နေရာများတွင် အခွင့်အရေးကို ဥပဒေဖြင့်ရိုးရှင်းစွာကန့်သတ်ခွင့်ပေးထားခြင်းသည် အခွင့်အရေးကို အာမခံမှုပေးရန် မလုံလောက်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဥပဒေသည် အုပ်ချုပ်ရေးမဏ္ဍိုင်၏အလိုကျသာဖြစ်နေမည်ဖြစ်သောကြောင့်ဖြစ်သည်။ ဥပဒေပြုရေးအာဏာကို ထိန်းညှိဖြန့်ဝေထားသည့် ဖွဲ့စည်းပုံဆိုင်ရာအစီအစဉ် (အချိုးကျကိုယ်စားပြုခြင်း၊ ခိုင်မာသော လွှတ်တော်နှစ်ရပ်စနစ်နှင့် သမ္မတ-ကွန်ဂရက်အစိုးရစနစ်) တို့သည် အခွင့်အရေးကိုလွန်ကဲကန့်သတ်ခြင်းမှ အကာအကွယ်ပေးနိုင်ဖွယ်ရှိသည်။ သို့သော် ဤနိုင်ငံရေးထိန်းကျောင်းမှုများမရှိလျှင် အနည်းဆုံးတိကျပြီးတင်းကြပ်စွာဖော်ပြထားသော ကန့်သတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနှင့် တရားစီရင်ရေးထိန်းကျောင်းမှုများကိုအားကောင်းအောင် ပြုလုပ်ရန်လိုအပ်နိုင်သည်။

တရားစီရင်ရေးအဖွဲ့အစည်းများ၏ ထိရောက်မှု

တရားသူကြီးများသည် ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်များကို အဓိပ္ပါယ်ဖွင့်ဆိုရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများ၏အနှစ်သာရကို မချိုးဖောက်သည့်နည်းလမ်းဖြင့်လုပ်ဆောင်ရန် ယုံကြည်ရသည့်သူများဖြစ်သလား။ အကယ်၍တရားရုံးများသည် အခွင့်အရေးများကိုလေးစားခြင်းနှင့် နိုင်ငံရေးဖိအားမှလွတ်လပ်မှုရှိသော ရှည်လျားသည့်အစဉ်အလာရှိပါက အလွန်ယေဘုယျဆန်သော ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်များကို အဓိပ္ပါယ်ဖွင့်ဆိုရန်နှင့်အခွင့်အရေးများကိုအထောက်အကူပြုသည့်နည်းလမ်းဖြင့် 'ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် လိုအပ်ပြီးကျိုးကြောင်းဆီလျော်သော' ကဲ့သို့သော အသုံးအနှုန်းများကိုသတ်

မှတ်ရန် ယုံကြည်အားကိုးနိုင်သည်။ သို့သော် အာဏာရှင်စနစ်အုပ်ချုပ်မှုမှ ထွက်ပေါ်လာသောနိုင်ငံ သို့မဟုတ် တရားရုံးများ၊ အုပ်ချုပ်ရေးကိုလိုက်လျောရသော အစဉ်အလာရှိသည့် နေရာများတွင် ချိုးဖောက်မှုများမှတားဆီးရန်အတွက် ပိုမိုရှင်တင်းကြပ်စွာဖော်ပြထားသည့် ကန့်သတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များလိုအပ်နိုင်ဖွယ်ရှိသည်။

တရားနည်းလမ်းကျမှုနှင့် အများပြည်သူအမြင်

တရားနည်းလမ်းကျမှုနှင့်ဆိုင်သော မေးခွန်းများကိုလည်း စဉ်းစားရန်ရှိသည်။ ပြည်သူလူထု၏အမြင်တွင် မရေရာမရှင်းလင်းသည့် ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်များကို တရားသူကြီးများသည် ကိုယ်ပိုင်အဓိပ္ပါယ်ဖွင့်ဆိုဖော်ပြရန် တရားနည်းလမ်းကျသည့် အခွင့်အရေးရှိပါသလား။ မရှိပါက တရားစီရင်ရေးကို ပို၍နီးစပ်စွာစည်းနှောင်ကာ ညွှန်ကြားသည့် ပိုမိုတိကျသည့် ပြဋ္ဌာန်းချက်များလိုအပ်သည်။ အကယ်၍ တရားစီရင်ရေးမဏ္ဍိုင်သည်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သို့မဟုတ်ဥပဒေပြုရေးဆိုင်ရာ လမ်းညွှန်ချက်များ အနည်းဆုံးဖြင့် သို့မဟုတ် လုံးဝမရှိဘဲ စီရင်ထုံးဥပဒေအားဖြင့် ကန့်သတ်ချက်များကိုမိမိဘာသာသတ်မှတ်ပါက ကန့်သတ်ချက်များအပေါ် မတူသောအမြင်များရှိသည့် အုပ်ချုပ်ရေးသို့မဟုတ် ဥပဒေပြုရေးမဏ္ဍိုင်မှအများစုနှင့် သဘောထားကွဲလွဲမှု ဖြစ်ပေါ်နိုင်ချေရှိသည်။ ဤသို့ဖြစ်လျှင် အုပ်ချုပ်ရေး သို့မဟုတ် ဥပဒေပြုရေးမဏ္ဍိုင်က တရားရုံးများ၏ အာဏာကိုကန့်သတ်မှု သို့မဟုတ် ၄င်း၏တရားကျမှုကိုလျှော့ချရန်ကြိုးပမ်းမှုသည် ဆန့်ကျင်ဘက်ရလဒ်များရှိနိုင်သည်။ ယင်းသည် တရားရုံးများအနေဖြင့် ၄င်းတို့၏ဆုံးဖြတ်ချက်များကို လူအများလက်ခံရန် အဖွဲ့အစည်းဆိုင်ရာ တရားနည်းလမ်းကျမှုကို တည်ဆောက်နေသည့် ဒီမိုကရေစီသစ်တစ်ရပ်တွင် အတော်အတန်ထိခိုက်နစ်နာနိုင်သည်။ ဒီမိုကရေစီနိုင်ငံသစ်များတွင် ဝေဝါးသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စံချိန်စံနှုန်းများကို အကောင်အထည်ဖော်ရာတွင် အချိုးမမျှသောအခန်းကဏ္ဍတစ်ခုကိုတာဝန်ယူထားရသည်မှာ ဥပဒေပြုလွှတ်တော်မဟုတ်ဘဲ တရားရုံးများဖြစ်လေ့ရှိသောကြောင့် ၄င်းဖြစ်ရပ်မှာပို၍အရေးကြီးသောအရာဖြစ်လာတော့သည်။

အခွင့်အရေးအပေါ် ကန့်သတ်ချက်များအပေါ် မည်သူအဆိုပြုသနည်း။ အဘယ့်ကြောင့်နည်း။

အခွင့်အရေးများအပေါ်ကန့်သတ်ချက်များကို မည်သူအဆိုပြုသည်နှင့် ၎င်းတို့ရယူလိုသောရည်ရွယ်ချက်မှာ မည်သည်ဖြစ်သည်ကို စဉ်းစားရန်အရေးကြီးသည်။ ၄င်းတို့သည် နိုင်ငံသားလွတ်လပ်ခွင့်ကိုဆန့်ကျင်ပြီးအခွင့်အရေးကိုကန့်သတ်ရန်ကြိုးပမ်းနေသည့်အစိုးရဟောင်း သို့မဟုတ် စစ်တပ်တို့၏အစိတ်အပိုင်းလော သို့မဟုတ် အလွဲသုံးခြင်းကိုတားဆီးရန်အတွက် ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်များကိုသတ်မှတ်လိုသော လူ့အခွင့်အရေးတက်ကြွ

လှုပ်ရှားသူများလော။ အန္တရာယ်ကင်းသည့်အကြောင်းပြချက်များဖြင့် သတ်မှတ်ထားသော ပြဋ္ဌာန်းချက်သည်ပင် ဂရုတစိုက်ရေးသားထားခြင်းမရှိလျှင် နောင်တွင်ချိုးဖောက်မှုခံရနိုင်သည့် အလားအလာရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများ

အလွန်အသေးစိတ်ပြီး တိကျသောကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်များသည် ဆွေးနွေးညှိနှိုင်းရန်အတွက် ပိုမိုခက်ခဲနိုင်ပြီး ကန့်သတ်ချက်များကိုတိကျအသေးစိတ်ရန်ကြိုးပမ်းခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အချိန်ပိုကြာစေခြင်း၊ လမ်းချော်စေခြင်းများ ဖြစ်နိုင်သည်။ ဥပမာအနေဖြင့် –

- တိုင်းပြုပြည်ပြု လွှတ်တော်တစ်ရပ်တွင် ဘာသာရေးနှင့်ပတ်သတ်သော ပါတီများနှင့် ဘာသာရေးလွှမ်းမိုးမှုမရှိသောပါတီများအကြား အငြင်းပွားမှုများသည် လွှတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တွင် ကိုးကွယ်ရာဘုရားကို စော်ကားခြင်းနှင့်ပတ်သက်သော ကန့်သတ်ချက်သတ်သတ်မှတ်မှတ် ထားသင့်မထားသင့် သဘောတူရန် ကြိုးပမ်းခြင်းအားဖြင့် ပိုမိုရှိဆိုးရွားစေနိုင်သည်။ ဤအရေးကိစ္စနှင့်ပတ်သတ်ပါက ဥပဒေပြုလွှတ်တော်နှင့် တရားရုံးများမှအသုံးချရမည့် တိကျမှုနည်းပါးသော ကန့်သတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်ထားရှိမည်ဆိုပါက ပိုမိုလွယ်ကူစွာ သဘောတူညီမှုရရှိစေနိုင်မည်ဖြစ်သည်။ သို့သော် ၄င်းသည် ပြဿနာကိုဖြေရှင်းရန် အချိန်ဆွဲလိုက်ခြင်းသာဖြစ်ပြီး တိုင်းပြုပြည်ပြုလွှတ်တော်မှတာဝန်ကို လွှတ်တော်နှင့်တရားရုံးများသို့ လွှဲပြောင်းခြင်းသာဖြစ်သည်ဟုခြေပနိုင်သည်။ အခြားတစ်ဖက်တွင်လည်း အချိန်ကြာလာသည်နှင့်အမျှ အဓိပ္ပါယ်ဖွင့်ဆိုမှုသည်ပြောင်းလဲနိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် အခွင့်အရေးတစ်ရပ်သည် အမှန်တကယ်တွင် မည်သို့ဆိုလိုသည် သို့မဟုတ် အခွင့်အရေးတစ်ရပ်၏သက်ရောက်မှုအတိုင်းအတာမည်မျှရှိသည်နှင့်ပတ်သက်၍ အငြင်းပွားမှုရှိနိုင်သည်။ ဥပမာအားဖြင့် ပါတီများအနေဖြင့် အသက်ရှင်သန်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြဋ္ဌာန်းမှုကို သဘောတူနိုင်သည်။ သို့သော် ထိုကဲ့သို့သောအခွင့်အရေးသည် လူတစ်ဦးအသည်းအသန် ဖျားနာချိန်တွင် မိမိအသက်ကို သတ်သေရန်ခွင့်ပြုသင့်မသင့် သို့မဟုတ် အသက်ရှင်သန်ခွင့်သည် သန္ဓေသားများကို အကျုံးဝင်မဝင်နှင့်ပတ်သက်၍ ၄င်းတို့အကြား သဘောမတူမှုများရှိနိုင်သည်။ ဤပြဿနာများသည် ဆွေးနွေးညှိနှိုင်းမှုများတွင် စိတ်ဓာတ်ပြင်းထန်မှုများကိုဖြစ်စေနိုင်ပြီး ဆုံးရှုံးမှုကြီးမားနိုင်သော ရှေ့မတိုးသာနောက်မဆုတ်သာအခြေအနေကိုဖြစ်ပေါ်စေနိုင်သည်။

သို့ဖြစ်၍ အခွင့်အရေးများကို ဝေဝါးသော၊ မပြည့်စုံသော၊ မတိကျသောအသုံးအနှုန်းများဖြင့် သတ်မှတ်ပြဋ္ဌာန်းထားပြီး နောက်ဆက်တွဲဥပဒေပြုရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုရန်ချန်ထားခဲ့လေ့ရှိသည်။

အနာဂတ် ပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့် အခက်အခဲ

ဦးစားပေးအရာများနှင့် အခြေအနေများပြောင်းလဲလာသည်နှင့်အမျှ လူ့အဖွဲ့အစည်းတစ်ခု၏လိုအပ်ချက်များသည် ပြောင်းလဲနိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများကို ဆွေးနွေးညှိနှိုင်းရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ ၄င်းတို့၏ရွေးချယ်ချက်များ၏အနာဂတ်အကျိုးဆက်များကို ယုံကြည်စိတ်ချစွာမခန့်မှန်းနိုင်ပေ။ ဥပမာအားဖြင့် နိုင်ငံအတွင်း လူမျိုးစုနှင့်ယဉ်ကျေးမှုဆိုင်ရာ တစ်သားတည်းဖြစ်တည်သည့် ကာလအတွင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ဆွေးနွေးခဲ့နိုင်သည်။ သို့သော် ဆယ်စုနှစ်အနည်းငယ်ကြာပြီးနောက်တွင် ရွှေ့ပြောင်းနေထိုင်မှုများကြောင့် နိုင်ငံအတွင်းတွင် လူမျိုးစုနှင့် ဘာသာရေးဆိုင်ရာမတူကွဲပြားမှုများ ဖြစ်လာနိုင်သည်။ ဤမှန်းဆချက်ဥပမာတွင် လူနည်းစုအုပ်စုများကိုထိခိုက်နစ်နာစေသော သို့မဟုတ် အများပြည်သူဆိုင်ရာတည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေသော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အချို့ကို ခွင့်ပြုရခြင်း၏ ဆုံးရှုံးမှုတန်ဖိုးသည် အစကနဦးတွင်နည်းနိုင်သော်လည်း နိုင်ငံအတွင်းမတူကွဲပြားမှုဖြစ်ပေါ်လာခြင်းသည် တည်ငြိမ်အေးချမ်းမှုကိုထိန်းသိမ်းရန်အတွက် ကန့်သတ်ချက်များကိုချမှတ်ရန် လိုအပ်လာကြောင်း ဆိုလိုခြင်းဖြစ်သည်။ အပြန်အလှန်အားဖြင့် အုပ်စုအသစ်များသည်လည်း လွတ်လပ်စွာပြောဆိုခွင့်ဖြင့် ၄င်းတို့၏ယုံကြည်မှုများနှင့်ပတ်သက်၍ ထုတ်ဖော်ပြောဆိုနိုင်သည့် တရားနည်းလမ်းကျခွင့်ပြုထားသည့် ဝေဖန်မှုများကိုနှိမ်နှင်းရန် လွတ်လပ်စွာကိုးကွယ်ခွင့်ကဲ့သို့သော အခွင့်အရေးများကို အသုံးချလာနိုင်သည်နိုင်သည်။ ကိစ္စရပ်နှစ်ခုစလုံးတွင် အခြားအခွင့်အရေးများအားထိပါးလာမှုကို တားဆီးရန်အတွက် လွတ်လပ်မှုအား ဤသို့အဓိပ္ပါယ်ဖွင့်ဆိုခြင်းများကို ခွင့်မပြုခြင်းမှာ မရှိမဖြစ်လိုအပ်ချက်လည်း ဖြစ်နိုင်ပေသည်။

ဤပြဿနာ၏အနှစ်သာရသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြောင်းလွယ်ပြင်လွယ်မှုနှင့် တင်းကျပ်မှုတို့ အကြားမျှခြေဖြစ်သည်။ ပြောင်းလဲလျှက်ရှိသော အခွင့်အရေးများအပေါ် နားလည်မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို တရားဝင်နည်းလမ်းတကျပြင်ဆင်ရန် မည်မျှ အတိုင်းအတာမျှလိုအပ်သနည်း၊ သို့မဟုတ် သာမန်ဥပဒေပြုရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုသည် မည်သည့်အတိုင်းအတာအထိလုံလောက်သင့်သနည်း။ အထူးသဖြင့် ပြင်ဆင်ရေးလုပ်ငန်းစဉ်သည်ခက်ခဲပါက တရားဝင်နည်းလမ်းတကျ ပြင်ဆင်မှုများ အပေါ်အလွန်အမင်း မှီခိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြောင်းလဲလျှက်ရှိသော

စိန်ခေါ်ချက်များကို မဖြေရှင်းနိုင်ဟုဆိုနိုင်သည်။ အခြားတစ်ဖက်တွင် အလွန်အမင်းပြောင်းလွယ်ပြင်လွယ်ဖြစ်မှုသည် အာဏာအလွဲသုံးမှုများအပေါ် ထိရောက်မှုရှိသောကန့်သတ်ချက်မထားနိုင်ခြင်းဖြစ်စေနိုင်သည်။ ထို့ကြောင့်နက်ရှိုင်းသောဒီမိုကရေစီအစဉ်အလာနှင့်ယဉ်ကျေးမှုများအမြစ်တွယ်နေသည့် တရားရုံးများနှင့်လွှတ်တော်များရှိသောနေရာများတွင် ပြောင်းလွယ်ပြင်လွယ်ရှိပြီး ဝေဝါးသောကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်များသည် လက်ခံနိုင်သော်လည်း ဒီမိုကရေစီကိုအထောက် အကူဖြစ်စေမည့်ကန့်သတ်ချက်များကို သတ်မှတ်လိမ့်မည်ဟု ၎င်းအင်စတီကျူးရှင်းများကို ယုံကြည်စိတ်ချရမှုမရှိသည့် နေရာများတွင် ဤသို့ပြဋ္ဌာန်းချက်များကိုရှောင်ရှားသင့်သည်။ ထိုကဲ့သို့သောကိစ္စရပ်များတွင် အခွင့်အရေးများကို အလွဲသုံးမှုမှကာကွယ်ရန် အနာဂတ်ပြောင်းလွယ်ပြင်လွယ်ရှိမှုကို အပေးအယူလုပ်ရန်လိုအပ်နိုင်သည်။

စဉ်းစားစရာ အချက် (၃)

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'ကန့်သတ်ချက်များအပေါ် ကန့်သတ်ချက်များ' ကို မည်သို့အသေးစိတ်ဖော်ပြသင့်သနည်း။ ပိုမိုတိကျသောပြဋ္ဌာန်းချက်ဖြစ်လေ နောက်ပိုင်းတွင်ဆုံးဖြတ်ချက်ချမည့်သူများအတွက် အကူအညီဖြစ်နိုင်လေဖြစ်သည်။ တိကျမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပိုမိုခိုင်မြဲကြာရှည်ခံရန်အတွက်လည်း အကူအညီဖြစ်စေနိုင်သည်။ သို့သော် ဆွေးနွေးညှိနှိုင်းမှုအတွင်း တိကျမှုရရှိရန်ဖြစ်နိုင်သလား။

၆။ နှိုင်းယှဉ်လေ့လာဥပဒေသိပ္ပံပညာ

ဖွဲ့စည်းပုံအခြေခံဥပဒေ စကားလုံးရိုအချို့ပြဋ္ဌာန်းချက်များ မည်သို့ရှိနေသည်ဖြစ်စေ (သို့မဟုတ် ယင်းတို့မရှိသည်ဖြစ်စေ) တရားရုံးများသည် ပိုမိုကျယ်ပြန့်သော သို့မဟုတ် ကျဉ်းမြောင်းသော သတ်မှတ်ချက်ဘောင်အတွင်း ကန့်သတ်ချက်များ၏အတိုင်းအတာနှင့် တရားဥပဒေနှင့်ညီမညီတို့ကို အကဲဖြတ်ဆန်းစစ်ရန်အတွက် တာဝန်ပေးခံရလေ့ရှိသည်။ ထိုသို့ပြုလုပ်ရန် တရားရုံးများသည်ပုံမှန်အားဖြင့်နှစ်ဘက်စစ်ဆေးမှုကို ပြုလုပ်လေ့ရှိသည်။ ပထမစစ်ဆေးမှုသည် အခွင့်အရေးတစ်ရပ်ချိုးဖောက်ခံရမှု ရှိမရှိမေးမြန်းရန်နှင့် ပြီးနောက် ကန့်သတ်ချက်ကို နိုင်ငံ၏တရားနည်းလမ်းကျသော ရည်ရွယ်ချက်များနှင့် ဆက်စပ်၍ကြည့်မြင်သောအခါ 'လိုအပ်ချက်'၊ 'အနည်းဆုံးတင်းကျပ်မှု'၊ 'ခွဲခြားဆက်ဆံမှုမရှိခြင်း'၊နှင့် 'အချိုးကျမှု' ကဲ့သို့သော (ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာသတ်မှတ်ချက် သို့မဟုတ် တရားစီရင်ရေးအရကောက်ချက်ချသော) စံများအရ လျော်ကန်မှုရှိမရှိကိုစဉ်းစားရန်ဖြစ်သည် (Pati 2005: 223)။

ကန့်သတ်မှုသည်တရားဥပဒေနှင့် ညီမညီခွဲခြမ်းစိတ်ဖြာရာတွင် အချိုးကျမှုအယူအဆသည် ထည့်သွင်းစဉ်းစားစရာ အကြောင်းအရာများကိုပိုမို၍သတ်မှတ်လာသည်။ ဥပမာအားဖြင့် ECHR မှအာမခံထားသောအခွင့်အရေးကို ချိုးဖောက်ခံရမှုရှိမရှိဆုံးဖြတ်ရာတွင် 'တရားရုံးအနေဖြင့် အခွင့်အရေးသည် ကျူးလွန်ခံရမှုရှိမရှိ ဦးစွာဆုံးဖြတ်ရန်လိုအပ်သည်။ ပြီးနောက် အကယ်၍ကျူးလွန်ခံရမှုရှိပါက ဤအကန့်အသတ်သည် လျော်ကန်မှုရှိမရှိဆုံးဖြတ်ရန်ဖြစ်သည်။ အချိုးကျမှုအယူအဆသည် ကျယ်ပြန့်သောအဓိပ္ပါယ်ဖြင့်ဆိုရလျှင် အခွင့်အရေးကိုကန့်သတ်ချက်သည် လျော်ကန်မှုရှိမရှိဆုံးဖြတ်သော စစ်ဆေးချက်၏အခေါ်အဝေါ်ဖြစ်သည်။ အချိုးကျသောအခွင့်အရေးကန့်သတ်ချက်များသည် လျော်ကန်မှုရှိသည်ဖြစ်ပြီး အချိုးမကျမှုသည်လျော် ကန်မှုမရှိပေ' (Rivers 2006: 174)။ အချိုးညီမျှမှုအတွက်စစ်ဆေးသည့်နည်းလမ်းက နိုင်ငံအသီးသီးတွင် ကျင့်သုံးပုံကွဲပြားသော်လည်း ၄င်းကိုအယူအဆအားဖြင့် အဆင့်ခွဲအချို့အဖြစ်ခွဲခြမ်းနိုင်သည် (Rivers 2006: 174)။ ၄င်းတို့မှာ (၁) 'တရားဝင်မှု – သုံးသပ်ဆင်ခြင်လျှက်ရှိသော လုပ်ဆောင်ချက် (ဆုံးဖြတ်ချက်၊ စည်းမျဉ်း၊ မူဝါဒ)

သည် စဉ်းစားလျက်ရှိသော အခွင့်အရေးနှင့်ပတ်သတ်၍ တရားနည်းလမ်းကျသော ယေဘုယျ ရည်မှန်းချက်ရှိမရှိ'၊ (၂) 'သင့်လျော်မှု – ယင်းလုပ်ဆောင်ချက်သည် ၄င်းရည်မှန်းချက်ကိုရရှိ နိုင်စွမ်းရှိသလား'၊ (၃) 'လိုအပ်ချက် – ယင်းလုပ်ဆောင်ချက်သည် ရည်မှန်းချက်ပြည့်မြောက်မှု၏လိုချင်သောအဆင့်ရရှိရန် အနှောင့်အယှက်အနည်းဆုံးသာဖြစ်စေသည့်နည်းလမ်းလား'၊ (၄) 'မျှတသောချိန်ခွင်လျှာ သို့မဟုတ် ကျဉ်းမြောင်းသည့်သဘောဆောင်သော အချိုးကျ စနစ် – အခွင့်အရေးခံစားခွင့်အားလျှော့ချလိုက်သည့်ပမာဏကို ရည်မှန်းချက်ပြည့်မြောက်မှု အဆင့်နှင့် ယှဉ်၍ချိန်ဆသောအခါ ယင်းလုပ်ဆောင်ချက်သည်အသားတင်အကျိုးအမြတ်ကို ရရှိစေပါသလား'။

ကနေဒါ

ကနေဒါနိုင်ငံ၏ အခွင့်အရေးနှင့်လွတ်လပ်ခွင့်ပဋ္ဌိညာဉ်စာတမ်းသည် ၎င်းတွင်ဖော်ပြ သော အခွင့်အရေးနှင့်လွတ်လပ်မှုများအား အာမခံရာ၌ 'လွတ်လပ်သော ဒီမိုကရေစီလူ့အဖွဲ့ အစည်းတွင်ရှိသင့်ကြောင်း ထင်ရှားစွာပြသနိုင်သည်' ဟု ဥပဒေပြဋ္ဌာန်းထားသော ကျိုး ကြောင်းဆီလျော်သည့် ကန့်သတ်ချက်များသာ ထားရှိခွင့်ပြုသည်။ အကယ်၍ အခွင့်အရေး ကိုကန့်သတ်သည့် ဥပဒေတစ်ရပ်သည် ဤစစ်ဆေးမှုကို မအောင်မြင်ပါက တရားရုံးများ သည် သက်ဆိုင်ရာဥပဒေအားပယ်ဖျက်ခြင်းပင်ပါဝင်နိုင်သော သင့်လျော်သည့် ကုစားမှုများ ကိုပေးနိုင်သည်။ ကနေဒါ တရားရုံးချုပ်သည် ပဋ္ဌိညာဉ်အားဖြင့်အာမခံထားသောအခွင့် အရေး သို့မဟုတ် လွတ်လပ်မှုအပေါ် ကန့်သတ်ချက်သည် မှန်ကန်တရားမျှတမှု ရှိမရှိကို ဆန်းစစ်ရန်အတွက် 'Oakes စစ်ဆေးချက်' (R. v. Oakes 1986) ဟုဆိုသောစစ်ဆေးမှု ကို ကျင့်သုံးခဲ့သည်။ ဤမေးခွန်းကိုဖြေဆိုရာတွင် တရားရုံးသည် အကာအကွယ်ပေးထားသော ခွင့်အရေး သို့မဟုတ် လွတ်လပ်မှုကို ချိုးဖောက်မှုရှိမရှိဦးစွာရှာဖွေစုံးစမ်းပြီးနောက် အောက် ပါတို့ကို မေးသည်။

၁။ အခွင့်အရေးကိုချိုးဖောက်သည့်ဥပဒေသည် လွတ်လပ်သောဒီမိုကရေစီလူ့အဖွဲ့အစည်း တွင် လုံလောက်စွာအရေးကြီးသည့် တရားနည်းလမ်းကျသောရည်ရွယ်ချက်ရှိမရှိ။ ထို ကဲ့သို့သောရည်ရွယ်ချက်များတွင် လူသား၏မွေးရာပါဂုဏ်သိက္ခာကိုလေးစားခြင်း၊ လူမှု တရားမျှတမှုနှင့် တန်းတူညီမျှမှုတို့ကို ကတိကဝတ်ပြုခြင်း၊ ကျယ်ပြန့်စုံလင်သော ယုံကြည်ချက်များအတွက် လက်ခံနေရာပေးခြင်း၊ ယဉ်ကျေးမှုနှင့် အုပ်စုအမှတ်အသား သရုပ်များကိုလေးစားခြင်းနှင့် လူ့အဖွဲ့အစည်းတွင် တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်ပါ ဝင်မှုကို အားကောင်းစေသော လူမှုရေးနှင့် နိုင်ငံရေးအဖွဲ့အစည်းများအပေါ် ယုံကြည်မှု တို့ပါဝင်သည်။

၂။ ချမှတ်ထားသော ကန့်သတ်ချက်များသည် စဉ်းစားချက်တွင်ပါရှိသော ရည်ရွယ်ချက်များနှင့် အကျိုးသင့်အကြောင်းသင့်စွာ ဆက်စပ်မှုရှိမရှိဆိုသည့်မေးခွန်း။ ၄င်းကန့်သတ်ချက်များသည် တရားလက်လွတ်ဖြစ်နေခြင်း၊ မမျှတခြင်း သို့မဟုတ် ကျိုးကြောင်းမဆီလျော်သော စဉ်းစားချက်များ မဖြစ်ရပေ။

၃။ ကန့်သတ်ချက်များသည် အခွင့်အရေး သို့မဟုတ် လွတ်လပ်မှုကိုထိခိုက်စေမှု ဖြစ်နိုင်သမျှ အနည်းဆုံးသာ ရှိမရှိဆိုသည့်မေးခွန်း။

၄။ ပဋိညာဉ်စာတမ်းပါအခွင့်အရေး သို့မဟုတ် လွတ်လပ်မှုကိုကန့်သတ်သည့် ပြဋ္ဌာန်းချက်များ၏အကျိုးသက်ရောက်မှုနှင့် လုံလောက်စွာအရေးကြီးသည်ဟု သတ်မှတ်ထားသော ရည်ရွယ်ချက်များအကြား အချိုးကျမှုရှိမရှိ။

တောင်အာဖရိက

တောင်အာဖရိကနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'ဂုဏ်သိက္ခာ၊ လွတ်လပ်မှုနှင့် တန်းတူညီမျှမှုကိုအခြေခံသော ပွင့်လင်းသည့်ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းတစ်ရပ်တွင် အကျိုးသင့်အကြောင်းသင့်ရှိပြီး တရားမျှတမှုရှိသော' အထွေထွေကျင့်သုံးမှုဥပဒေတစ်ရပ်အားဖြင့် အခွင့်အရေးများကို ကန့်သတ်နိုင်သည်ဟုဆိုသည့် အထွေထွေကန့်သတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက် (ပုဒ်မ ၃၆) ရှိသည်။ ဆက်လက်ပြီး ဤပြဋ္ဌာန်းချက်တွင် အခွင့်အရေးတစ်ခုအပေါ် ကန့်သတ်ချက်တစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီမညီဆုံးဖြတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များကိုလည်း ဖော်ပြထားသည်။ ကနေဒါတရားရုံးချုပ်ကဲ့သို့ပင် တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အဆင့်နှစ်ဆင့်ဆန်းစစ်မှုကို ပြုလုပ်သည်။ ပထမအဆင့်အနေဖြင့် အငြင်းပွားဖွယ်ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးကိုကန့်သတ်ခြင်းရှိမရှိ ဆုံးဖြတ်ရမည်။ အကယ်၍ ရှိပါက ဒုတိယစုံစမ်းစစ်ဆေးမှုအနေဖြင့် အခွင့်အရေးကန့်သတ်ချက်သည် ကန့်သတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်အရ တရားမျှတမှု ရှိမရှိဆုံးဖြတ်သည် (S v. Jordan and Others 2002)။ အခြေခံအားဖြင့် 'အခွင့်အရေးအပေါ် ပြဋ္ဌာန်းချက်၏သက်ရောက်မှုပို၍ပြင်းထန်လေလေ၊ ပိုမို၍ ယုံကြည်လောက်သော သို့မဟုတ် ခိုင်လုံသော အကျိုးကြောင်းပြချက်ဖြစ်ရလေ ဖြစ်သည်' (S v. Manamela 2000: para. 32)။

ဂျာမနီ

ကနေဒါနှင့် တောင်အာဖရိကတရားရုံးများကဲ့သို့ပင် ဂျာမန်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၄င်းတို့ဆန်းစစ်မှုတွင် ဒုတိယအဆင့်ဖြစ်သော အခွင့်အရေးကိုကန့်

သတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းသည် တရားမျှတမှုရှိမရှိကို အများဆုံးအာရုံစိုက်သည်။ ဂျာမန်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှ ကန့်သတ်ချက်များသည် (က)သင့်လျော်မှု၊ (ခ) မျှော်မှန်းထားသော ရည်ရွယ်ချက်အတွက် လိုအပ်သောတားမြစ်မှုအနည်းဆုံးနည်းလမ်းကို ကိုယ်စားပြုရမည့်အပြင် (ဂ) အချိုးကျမှုရှိရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

၇။ သုံးဖြတ်ချက်ချမှတ်ခြင်းအတွက်ပေးခွန်းများ

၁။ နိုင်ငံသည် သက်တမ်းနုပြီး ဒီမိုကရေစီကိုလိုလားသော နိုင်ငံတစ်နိုင်ငံလော သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြန်လည်ရေးဆွဲမည့်အခြေခိုင်ပြီး ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံလော။ ၎င်းသည် အခွင့်အရေးကန့်သတ်မှုများကို အလွဲသုံးစားလုပ်ခြင်းမှ ကာကွယ်ရန်လိုအပ်မှုနှင့် မည်သည့်ဆက်စပ်မှုရှိသနည်း။

၂။ နိုင်ငံ၏ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေကမည်သို့သောကန့်သတ်မှုများကိုဖော်ပြသနည်း။ ပွင့်လင်းပြီး ယေဘုယျဆန်သော 'ဥပဒေဖြင့်ကန့်သတ်သည်' ဆိုသည့်ပြဋ္ဌာန်းချက်များစွာရှိခဲ့သလား။ ထိုကန့်သတ်ချက်များသည် အစိုးရအာဏာအလွဲသုံးစားပြုမှုကို တားဆီးရန် ထိရောက်ခဲ့ပါသလား။

၃။ ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ထည့်သွင်းရန် ငြင်းခုံနေသောအဖွဲ့များသည်မည်သူတို့ဖြစ်ပြီး ထည့်သွင်းမည်ကို ဆန့်ကျင်ငြင်းခုံနေသူများသည်မည်သူတို့ဖြစ်သနည်း။ အစိုးရဟောင်း၏ အဖွဲ့ဝင်များသည် ရာထူးနေရာတစ်ခုခုရယူထားကြပါသလား။ အကယ်၍ရယူထားပါက အဘယ်ကြောင့်နည်း။

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အချို့အခွင့်အရေးများသည်ကန့်သတ်၍မရကြောင်းဖော်ပြထားမည်လား။ ဥပမာ - ညှဉ်းပန်းနှိပ်စက်မှုနှင့်ကျွန်ပြုခြင်းကိုတားမြစ်ခြင်း၊ လူ့ဂုဏ်သိက္ခာအခွင့်အရေး သို့မဟုတ် အသိဉာဏ်လွတ်လပ်မှု။ အခြားမည်သည့်အခွင့်အရေးများအကြွင်းမဲ့ဖြစ်သင့်သနည်း။

၅။ တရားစီရင်ရေးမဏ္ဍိုင်တွင် မည်သည့်တန်ဖိုးများလွှမ်းမိုးသနည်း။ ၎င်းမဏ္ဍိုင်တွင် အခွင့်အရေးများအပေါ် ကန့်သတ်ချက်များနှင့်ပတ်သတ်၍ ကျယ်ပြန့်သော သို့မဟုတ် ကျဉ်းမြောင်းသော အမြင်ရှိနိုင်ပါသလား။ တရားစီရင်ရေးသည် ကန့်သတ်မှုဆိုင်ရာပြဋ္ဌာန်းချက်များအပေါ် တားမြစ်ကန့်သတ်ချက်များကိုပြဋ္ဌာန်းနိုင်စွမ်း ရှိသလား။

၆။ အထူးကာကွယ်စောင့်ရှောက်မှု လိုအပ်သောသီးခြားလူနည်းစုများရှိသလား။ ဤ လူနည်းစုများကို အကာအကွယ်ပေးရန်အလို့ငှာ အခွင့်အရေးအပေါ်ကန့်သတ်ချက်များကို မည်သို့ပုံစံသွင်းနိုင်မည်နည်း။

၈။ သာဓကများ

ဇယား ၈.၁ ။ ။ ကန့်သတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ

နိုင်ငံ	ကန့်သတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်အမျိုးအစား	ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဋ္ဌာန်းချက်
ကနေဒါ ၁၈၆၇/၁၉၈၂ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ကေးဘက်ရှိ တရားမဥပဒေရှိ သော ကျင့်ထုံး ဥပဒေလွှမ်းမိုးသည့် တရား စီရင်ရေး စနစ်	အထွေထွေကန့်သတ်မှု ဆိုင်ရာ ပြဋ္ဌာန်းချက်	ကနေဒါနိုင်ငံ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့် ပဋ္ဌိညာဉ်စာတမ်းသည် ၎င်းတွင်ဖော်ပြသော အခွင့်အရေးနှင့် လွတ်လပ်မှုများအား အာမခံ ရာ၌ 'လွတ်လပ်သော ဒီမိုကရေစီလူ့အဖွဲ့ အစည်းတွင်ရှိသင့်ကြောင်း ထင်ရှားစွာပြသ နိုင်သည်' ဟု ဥပဒေပြဋ္ဌာန်းထားသော ကျိုး ကြောင်းဆီလျော်သည့် ကန့်သတ်ချက်များသာ ထားရှိခွင့်ပြုသည်။

နိုင်ငံ	ကန့်သတ်မူဆိုင်ရာ ပြဋ္ဌာန်းချက်အမျိုးအစား	ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဋ္ဌာန်းချက်
ဂျာမနီ ၁၉၄၉/၁၉၉၀ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ခိုင်မာသော တရားရေးပြန်လည် သုံးသပ်မှုဖြင့် ဖက်ဒရယ်၊ ဥပဒေစနစ်	အထူးအခွင့်အရေးများ နှင့်ပတ်သက်သော သီးခြားပြဋ္ဌာန်းချက်များ အပါအဝင် အထွေထွေ ကန့်သတ်ချက်များကို ဖော်ပြထားသည့် အထွေထွေ ပြဋ္ဌာန်းချက်	**ပုဒ်မ ၅** ၁။ လူတိုင်းသည် မိမိ၏ထင်မြင်ယူဆချက်ကို နှုတ်အားဖြင့်လည်းကောင်း၊ ရေးသားခြင်းအား ဖြင့်လည်းကောင်း၊ ရုပ်ပုံအားဖြင့် လည်းကောင်း လွတ်လပ်စွာထုတ်ဖော်ခွင့် နှင့်ဖြန့်ဝေခွင့်ရှိပြီး ယေဘုယျအားဖြင့် လက်လှမ်းမီနိုင်သော ရင်းမြစ်များမှတဆင့် အတားအဆီးမရှိ သတင်းအချက်အလက်များ ရယူခွင့်ရှိသည်။ ရုပ်သံထုတ်လွှင့်ခြင်းနှင့်ရုပ်ရှင်နည်းလမ်းများအားဖြင့်လွတ်လပ်စွာပုံနှိပ်ထုတ်ဝေခွင့်နှင့် သတင်းလွတ်လပ်ခွင့်ကို အာမခံသည်။ ဆင်ဆာဖြတ်တောက်ခြင်းမရှိစေရ။ ၂။ ဤအခွင့်အရေးများသည် အထွေထွေဥပ ဒေများရှိ ပြဋ္ဌာန်းချက်များ၊ လူငယ်များကို အကာအ ကွယ်ပေးသည့်ပြဋ္ဌာန်းချက်များနှင့် ပုဂ္ဂိုလိကဂုဏ်သိက္ခာဆိုင်ရာအခွင့်အရေးတို့တွင် ကန့် သတ်ချက်များတွေ့ရမည် ဖြစ်သည်။ **ပုဒ်မ ၁၉** ၁။ ဤအခြေခံဥပဒေအောက်တွင် အခြေခံ အခွင့်အရေးတစ်ရပ်သည် ဥပဒေမှဖြစ်စေ ဥပဒေနှင့်အညီဖြစ်စေ ကန့်သတ်ခံရနိုင်သည် ။ ထိုကဲ့သို့သောဥပဒေသည်ယေ ဘုယျ အားဖြင့်ကျင့်သုံးရမည်ဖြစ်ပြီး ကိစ္စရပ် တစ်ခုတည်းမျှသာအတွက်မဖြစ်ရပေ။ ထို့ပြင် ဥပဒေသည် ၎င်း၏သက်ရောက်မှုရှိမည်ဖြစ်သော အခြေခံအခွင့်အရေးနှင့် ထိုအခွင့်အရေးပါရှိသောပုဒ်မတို့ကိုပါတိတိကျကျ ဖော်ပြရမည်။ ၂။ မည်သည့်အခြေအနေတွင်မျှ အခြေခံအခွင့်အရေး၏အနှစ်သာရကိုမထိခိုက်ရ။

နိုင်ငံ	ကန့်သတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်အမျိုးအစား	ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဋ္ဌာန်းချက်
တောင်အာဖရိက ၁၉၉၆ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော တရားမဥပဒေလွှမ်းမိုးလျှက်ရှိသည့် ကျင့်ထုံးဥပဒေ အရောတရားစီရင်ရေးစနစ်	အထွေထွေကန့်သတ်မှု ဆိုင်ရာ အသေးစိတ် ပြဋ္ဌာန်းချက်၊ အချို့ အခွင့်အရေး များသည် ထပ်ဆင့်ကန့်သတ်ချက် အရည်အချင်းများရှိ နိုင်သည်။	**ပုဒ်မ ၃၆** ၁။ အခွင့်အရေးစာတမ်းပါ အခွင့်အရေးများကို အထွေထွေကျင့်သုံးမှုဥပဒေများအားဖြင့် ကန့်သတ်နိုင်ပြီး ၎င်းကန့်သတ်ချက် များသည် လူ့ဂုဏ်သိက္ခာ၊ တန်းတူညီမျှမှုနှင့် လွတ်လပ်မှုတို့ကိုအခြေခံသည့် ပွင့်လင်း သောဒီမိုကရေစီလူ့အဖွဲ့အစည်းတွင်ကျိုး ကြောင်းဆီလျော်ပြီး ရှိသင့်ရှိထိုက်သော ကန့်သတ်ချက်များဖြစ်ရမည်ဖြစ်ကာ အောက်ပါအချက်များအပါအဝင် သက်ဆိုင် သည့်အကြောင်းရင်းများအားလုံးကို ထည့်သွင်းစဉ်းစားရမည်။ (က) အခွင့်အရေး၏သဘောသဘာဝ (ခ) ကန့်သတ်ချက်၏ရည်ရွယ်ချက် အရေးပါမှု (ဂ) ကန့်သတ်ချက်၏သဘောသဘာဝနှင့် အတိုင်းအတာ (ဃ) ကန့်သတ်ချက်နှင့် ၄င်း၏ရည်ရွယ်ချက် အကြားဆက်စပ်မှုနှင့် (င) ရည်မှန်းချက်ကိုရရှိရန် ပိတ်ပင်မှုနည်း သော နည်းလမ်း ၂။ ပုဒ်မခွဲ (၁) သို့မဟုတ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ အခြားပြဋ္ဌာန်းချက်တစ်ရပ်ရပ်တွင် ဖော်ပြထားချက်မှလွဲ၍ အခွင့်အရေးစာတမ်း တွင် သတ်မှတ်ထားသောမည်သည့် အခွင့်အရေးကိုမဆို မည်သည့်ဥပဒေကမှ ကန့်သတ်မှုမရှိစေရ။

ကိုးကားချက်များ

ဤစာတမ်းတွင်ရည်ညွှန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေများကိုရှာဖွေရန်

ဤစာတမ်းတွင် ရည်ညွှန်းထားသောဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာသားများကို မည်သည့်ရင်းမြစ်မှ ကောက်ယူသည်ဟုမဖော်ပြထားလျှင် Constitute စီမံကိန်း၏ အင်တာနက် စာမျက်နှာဖြစ်သော <https://www.constituteproject.org/> မှ ကောက်နှုတ်ဖော်ပြထားသည်ဟု မှတ်ယူနိုင်သည်။

Dorsen, N., et al., 'Comparative Constitutionalism: Cases and Materials' (St Paul, MN: West, 2nd edn 2010)

Gardbaum, S., 'Limiting Constitutional Rights', *UCLA Law Review*, 54 (2007)

Hirsch, A., 'A lesson in proportionality and rights', *The Guardian*, 5 June 2009, <http://www.theguardian.com/commentisfree/libertycentral/2009/jun/05/israel-barak-human-rights>, accessed 28 July 2017

Hirschl, R., *Constitutional Theocracy* (Cambridge, MA: Harvard University Press, 2010)

Law, D. and Versteeg, M., 'Sham Constitutions', *California Law Review*, 101/4 (August 2013) pp. 863–952

Mathews, J. and Sweet, A. S., 'Proportionality Balancing and Global Constitutionalism', *Columbia Journal of Transnational Law*, 47 (2008), pp. 68–149

Pati, R., 'Rights and Their Limits: The Constitution for Europe in International and Comparative Legal Perspective', *Berkeley Journal of International Law*, 23/1 (2005) pp. 223–80

Rivers, J., 'Proportionality and Variable Intensity of Review', *Cambridge Law Journal*, 65/1 (2006) pp. 174–207

ဖြစ်ရပ်များ

Chaplinsky v. New Hampshire 315 US 568 (1942)

R. v. Oakes [1986] 1 SC R 103, at pp. 138–40

S v. Jordan and Others (Sex Workers Education and Advocacy Task Force and Others as Amici Curiae) (CCT31/01) [2002] ZACC 22; 2002 (6) SA 642; 2002 (11) BCLR 1117 (9 October 2002)

S v. Manamela and Another (Director–General of Justice Intervening) (CCT 25/99) [2000] ZACC 5; 2000 (3) SA 1; 2000 (5) BCLR 491 (14 Apr 2000)

နောက်ဆက်တွဲ

စာရေးသူများအကြောင်း

Elliot Bulmer သည် International IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖွဲ့စည်းတည်ဆောက်ခြင်း အစီအစဉ်မှ အကြီးတန်းအစီစဉ်အရာရှိ တစ်ဦးဖြစ်သည်။ University of Glasgow မှ ပါရဂူဘွဲ့ရ တစ်ဦးဖြစ်ပြီး University of Edinburgh မှ မဟာဝိဇ္ဇာဘွဲ့ ရရှိထားသည်။ International IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖွဲ့စည်းတည်ဆောက်ခြင်းစာစဉ်၏ အယ်ဒီတာတစ်ဦးဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေဒီဇိုင်းပုံစံ၊ အင်စတီကျူးရှင်း ဒီဇိုင်းပုံစံတို့ကို နှိုင်းယှဉ်လေ့လာသောဘာသာရပ်ကို အထူးပြု လေ့လာသည်။

Dawood Ahmed သည် ချီကာဂိုတက္ကသိုလ်မှ ဥပဒေမဟာဘွဲ့နှင့် ပါရဂူဘွဲ့ရရှိထားပါသည်။ Ahmed သည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ Max Planck ဖောင်ဒေးရှင်း ၏ သုတေသီအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ခဲ့ဖူးပါသည်။ နှိုင်းယှဉ်လေ့လာမှုများပြုလုပ်သော ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာစီမံကိန်း၏ သုတေသီတစ်ဦးအဖြစ်လည်း ဆောင်ရွက်ခဲ့ဖူးပါသည်။

International IDEA အကြောင်း

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) သည် အစိုးရချင်းချိတ်ဆက်လုပ်ကိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ခွင် ရေရှည် တည်တံသော ဒီမိုကရေစီရရှိရေးအတွက် ပံ့ပိုးကူညီသည်။ International IDEA သည် အသိပညာ များ၊ နှိုင်းယှဉ်လေ့လာမှုများ ပံ့ပိုးပေးခြင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် ပံ့ပိုးကူညီခြင်း၊ မူဝါဒ များနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲရာတွင် ကူညီဆောင်ရွက်ပေးခြင်းဖြင့် ရေရှည်တည်တံ့သည့် ဒီမိုကရေစီစနစ်သို့ ပြောင်းလဲမှုများဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါသည်။

<https://www.idea.int>

MyConstitution အစီအစဉ်အကြောင်း

International IDEA ၏ MyConstitution Programme သည် လုပ်ဖော်ဆောင်ဖက် သက်ဆိုင်သူများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းဆိုင်ရာ အသိပညာများကို မြှင့်တင်ပေးခြင်းဖြင့် အလုံးစုံခြုံငုံ စဉ်းစားဆုံးဖြတ်နိုင်သော၊ အများပါဝင်မှုရှိသော၊ ပြည်တွင်းဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်ဖော်ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။

ဤစာစဉ်နှင့် စပ်လျဉ်း၍

International IDEA မှ ထုတ်ဝေလျက်ရှိသော "ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း" စာတမ်းတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်သူများ၏ လက်တွေ့ကျကျကြုံတွေ့ရသော ရွေးချယ်မှုများအပေါ်တွင် အကြောင်းအရာအလိုက် စနစ်တကျခွဲခြားတင်ပြခြင်းဖြင့် ရှုပ်ထွေးပွေလီလှသော အခြေခံဥပဒေဆိုင်ရာ ပြဿနာများကို လွယ်ကူရှင်းလင်းသော နည်းလမ်းများဖြင့် ရှင်းပြနိုင်ရန် ရေးရှုသည်။

၁။ အခြေခံဥပဒေဆိုသည်မှာ အဘယ်နည်း။ အခြေခံ သဘောတရားများနှင့် အယူအဆများ။ *
၂။ ဥပဒေပြုလွှတ်တော် နှစ်ရပ်ထားရှိခြင်း (သို့) Bicameralism*
၃။ တိုက်ရိုက် ဒီမိုကရေစီ စနစ်။ *
၄။ တရားရေးဆိုင်ရာ ရာထူးရွေးချယ် ခန့်အပ်မှုများ။ *
၅။ တရားရေးဆိုင်ရာ ရာထူးများ၏ တည်မြဲပိုင်ခွင့်၊ ထုတ်ပယ်ခြင်း၊ အထူးကင်းလွတ်ခွင့်များနှင့် တာဝန်ခံမှု။ *
၆။ ပါလီမန်စနစ်သုံး ဒီမိုကရေစီနိုင်ငံများရှိ အုပ်ချုပ်ရေးအာဏာ မကျင့်သုံးသော သမ္မတများ။ *
၇။ ပါလီမန်စနစ်သုံး ဒီမိုကရေစီနိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အာဏာကန့်သတ်ထားသော ဇကာရာဇမျိုး။
၈။ ဘာသာရေးနှင့် နိုင်ငံအကြား ဆက်စပ်မှု။
၉။ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ။ *
၁၀။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လုပ်ထုံးလုပ်နည်းများ။ *
၁၁။ ဖက်ဒရယ် စနစ်။ *
၁၂။ ဒေသန္တရ ဒီမိုကရေစီစနစ်။ *
၁၃။ သမ္မတလက်ဝယ်ရှိ ဗီတိုအာဏာများ။
၁၄။ သမ္မတလက်ဝယ်ရှိ ဥပဒေပြုရေး အာဏာများ။
၁၅။ ပါလီမန် ဖျက်သိမ်းခြင်း။
၁၆။ အစိုးရ ဖွဲ့စည်းခြင်းနှင့် ဖယ်ရှားခြင်း ယန္တရားများ။ *
၁၇။ အရေးပေါ်အခြေအနေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ။ *

၁၈။ ထိန်းညှိခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာ လွတ်လပ်သော (စတုတ္ထမဏ္ဍိုင်) အင်စတီကျူး ရှင်းများ။*

၁၉။ နိုင်ငံရေးပါတီများအား ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အသိအမှတ်ပြုခြင်း။

* မြန်မာ ဘာသာဖြင့် ရရှိနိုင်သည်။

ဤ စာတမ်းများကို ကျွန်ုပ်တို့၏ အောက်ပါဝဘ်ဆိုဒ် <http://www.idea.int/publications> တွင် ရယူနိုင်ပါသည်။ နောက်ဆုံးအဆင့် ပြင်ဆင်ထားသောစာတမ်းများကို ဤဝဘ်ဆိုဒ် <http://constitutionnet.org/primers> တွင်လည်း ရယူနိုင်ပါသည်။

Norwegian Embassy
GRAND DUCHY OF LUXEMBOURG
Ministry for Foreign Affairs of Finland
REGERINGSKANSLIET
Ministry for Foreign Affairs Sweden

ယခု စာတမ်းအား ဘာသာပြန်ဆိုခြင်းနှင့် ပုံနှိပ်ခြင်းကို နော်ဝေးနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဖင်လန်နိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် လူဇင်ဘာ့ဘ်နိုင်ငံ အစိုးရတို့မှ ထောက်ပံ့ကူညီသည်။

ယခု စာတမ်းအား ဘာသာပြန်ဆိုခြင်းနှင့် ပုံနှိပ်ခြင်းကို နော်ဝေးနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဖင်လန်နိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် လူဇင်ဘာ့ဘ်နိုင်ငံ အစိုးရတို့မှ ထောက်ပံ့ကူညီသည်။

Norwegian Embassy
GRAND DUCHY OF LUXEMBOURG
Ministry for Foreign Affairs of Finland
Sweden Sverige

International IDEA မှ ထုတ်ဝေလျက်ရှိသော "ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း" စာတမ်းများကို နိုင်ငံတစ်ဝှမ်းဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေး သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးအတွက် ကောင်းမွန်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် ရည်ရွယ်ရေးသားထုတ်ဝေသည်။ နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ အစိုးရဝန်ထမ်းများ၊ လွှတ်တော်ဥပဒေပြုသူများ၊ နိုင်ငံသားများအတွက် အထောက်အပံ့ ဖြစ်စေမည်ဖြစ်သည်။

ဤစာတမ်းတစ်ခုချင်းစီသည် နိုင်ငံရေးဆိုင်ရာ၊ ဥပဒေပြုရေးဆိုင်ရာ အထူးကျွမ်းကျင်သူများမဟုတ်သော သာမန်စာဖတ်သူများအတွက် အကြောင်းအရာခေါင်းစဉ်များ အလိုက် မိတ်ဆက်စာအနေဖြင့်လည်း ရေးသားထားသည်။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးနယ်ပယ်၌ ဗဟုသုတ၊ အတွေ့အကြုံရှိပြီးသူတို့ ပြန်လည်နှိုးနှောဖတ်ရှုနိုင်ရန်အတွက်လည်း အသုံးဝင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်သူများ၏ လက်တွေ့ကျကျကြုံတွေ့ရသော ရွေးချယ်မှုများအပေါ်တွင် အကြောင်းအရာအလိုက် စနစ်တကျခွဲခြားတင်ပြခြင်းဖြင့် ရှုပ်ထွေးပွေလီလှသော အခြေခံဥပဒေဆိုင်ရာ ပြဿနာများကို လွယ်ကူရှင်းလင်းသောနည်းလမ်းများဖြင့် ရှင်းပြနိုင်ရန်ရှေးရှုသည်။

International IDEA
စတွန်းစ်ဘောဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် - +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝက်ဆိုဒ် - www.idea.int

International IDEA
မြန်မာနိုင်ငံအခြေစိုက်ရုံး
၆၈(ဘီ)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်၊ မြန်မာနိုင်ငံ။
ဖုန်းနံပါတ် - +၉၅ ၉ ၂၆၃ ၁၂၈၁၀၄
အီးမေးလ် - info-myanmar@idea.int
my.constitution@idea.int
ဝက်ဆိုဒ် - www.idea.int

ISBN: 978-91-7671-331-0 (Print)
ISBN: 978-91-7671-332-7 (PDF)